မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၄၄)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၁၂

"မြန်မာနိုင်ငံရဲ့ ပညာရေးအခြေအနေဟာ ပြည့်စုံလုံလောက်မှုမရှိဘူးလို့ ယူဆခဲ့တာကြောင့် နိုင်ငံတော်အစိုးရသစ်အနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်တဲ့ အချိန်ကစပြီး "ပညာရေးပြုပြင်ပြောင်းလဲမှု"တွေကို ပြုလုပ်ဖို့ နည်းလမ်းရှာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ပညာရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး ပညာရှင်များရဲ့ အကြံဉာဏ်အတိုင်း အဖြေရှာဆောင်ရွက်သွားဖို့ မိန့်ကြားခဲ့ပါတယ်" ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

အမှာစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍအရည်အသွေးမြင့်မားသည့် တိုင်းပြည်သည် နိုင်ငံကြီးခြင်း၊ ငယ်ခြင်းကတစ်ပိုင်း၊ ယင်းနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေး အနိမ့်အမြင့်ပေါ်မူတည်ပြီး ဖွံ့ဖြိုးနေကြသည်ကို တွေ့ရမည်ဖြစ်၊ ပညာအရည်အသွေးမြင့်မားသော နိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး တစ်ဖန် ဖွံ့ဖြိုးသောနိုင်ငံသည် အရည်အသွေးမြင့်သော ပညာရေးကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်ကို တွေ့ရ။

သ တင်း မာ တိကာ

ဖိလစ်ပိုင်မုန်တိုင်းဘေး ကူညီပေးနိုင်ရန်အတွက် အမေရိကန်နှင့်ဗြိတိန် ကူညီရေးစစ်သင်္ဘောများစေလွှတ် — စာမျက်နှာ - ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကြည့်ရှုနိုင်ရေး ကြိုတင်လက်မှတ်များ ဝယ်ယူနိုင် — စာမျက်နှာ - ၈

စဉ့်ကူးမြို့နယ် ကျွန်းဦးရွာနှင့် ရွာသာကျေးရွာတို့တွင် ရေတိုက်စားကမ်းပါးပြိုမှုတို့ကြောင့် ရွာပြောင်းရွှေ့ရေး တဖြည်းဖြည်းနီးကပ်လာ — စာမျက်နှာ - ၉

မြစ်ကမ်းပါးများ ရေတိုက်စားမှုမှ ကာကွယ်နိုင်ပြီ

ရန်ကုန် နိုဝင်ဘာ ၁၂

ခေတ်မီ နည်းပညာသစ်များက တစ်ရှိန်ထိုးတိုးတက်လာသည်။ နေ့စဉ်ထွက်ပေါ်နေသော နည်းပညာများကြောင့် တည်ဆောက်ရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုမြန်ဆန်ခိုင်ခံ့လာရာ နယ်သာလန်နိုင်ငံမှ နည်းပညာဖြင့် ထုတ်လုပ်ပြီး အဆောက်အအုံများ၊ ကားလမ်း၊ ရထားလမ်းများနှင့် ဆည်များ တည်ဆောက်ရာတွင် အသုံးပြုနိုင်သည့်အပြင် မြစ်ကမ်းများ ရေတိုက်စားမှုမှ ကာကွယ်နိုင်သည့် Geosynthetics နှင့်ပတ်သက်သော ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပြည်လမ်း IBC ခန်းမ၌ နိုဝင်ဘာ ၁၂ ရက် နံနက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မလေးရှားနိုင်ငံမှ TENCATE GEOSYNTHETICS မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ Gerherd Werner နှင့် နည်းပညာမန်နေဂျာ မစ္စတာ Ng Beng Hooi တို့က ဆွေးနွေးခဲ့ကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြဆိုင်ရာ ဆောက်လုပ်ရေး၊ ဆည်မြောင်း၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် နည်းပညာသစ်များဖြင့် အသုံးပြုကာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

Geosynthetics သည် ရေနံမှ ထုတ်လုပ်ထားသော Polymer များဖြစ်သည့် ပိုလီပရိုပိုင်လင်း၊ ပိုလီအီသိုင်လင်းနှင့် ပိုလီယက်စတာ ပလတ်စတစ်အမျှင်ကလေးများကို ခေတ်မီနည်းပညာဖြင့် ရက်လုပ်ထားခြင်း

စာမျက်နှာ ၃ ကော်လံ ၃ ◆

သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြစ်ကမ်းပါးများ ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် မြေထိန်းနံရံများ ဤသို့ တည်ဆောက်ထားသည်ကို တွေ့ရသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မှန်မှန်နှင့်မြန်မြန်

ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်နေသော အရာအားလုံးတို့သည် အောင်မြင်ပြီးမြောက် ခရီးပေါက်ရန် လိုအပ်ပေသည်။ ရူပဗေဒသဘောအရဆိုလျှင် လုပ်ကိုင်သောအလုပ် သို့မဟုတ် ကိစ္စတစ်ခုခုသည် ရွေ့လျားမှုရှိပြီး အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှသာ အလုပ်မည်၏။ ထိုသို့မဟုတ်ချေက အလုပ်လုပ်သည်ဟု မဆိုနိုင်ပေ။ အလုပ်တစ်ခုခုကို ပြီးပြတ်အောင်မြင်စွာ လုပ်ကိုင်နိုင်မှသာ ရှေ့သို့ တစ်ဆင့်တက်လှမ်းနိုင်ပါမည်။ တိုးတက်မှုကို ရရှိစေမည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် အောင်မြင်ပြီးမြောက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ကား မူဝါဒတစ်ခုကိုလက်ကိုင်ပြု၍ လုပ်ကိုင်သွားသင့်ပါသည်။ အလုပ်တစ်ခု(ဝါ)ကိစ္စတစ်ခုခုကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရန်မှာ အမှန်နှင့်အမြန် လုပ်ခြင်းပင်ဖြစ်ပါသည်။ ဤအချက်နှစ်ချက်သည် လုပ်ငန်းပြီးပြတ်အောင်မြင်စေနိုင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ အလုပ်တစ်ခုသည် မှန်လည်းမှန်ရမည်ဖြစ်သလို မြန်လည်းမြန်ဖို့လိုပါသည်။

အချို့က အလုပ်တစ်ခုကို မြန်အောင်လုပ်တတ်ပါသည်။ အမြန်ပြီးစီးအောင် လုပ်တတ်ပါသည်။ သို့သော် အခြေခံမှုဖြစ်သည့် အမှန်ကို လက်ကိုင်မပြုက မြန်သော်လည်း အမှန်မဖြစ်နိုင်ပါ။ ဤကဲ့သို့ ပြီးမြောက်အောင်မြင်ခြင်းမှာ အမှန်အခြေခံခြင်းမဟုတ်၍ အလွဲလွဲအချော်ချော် ဖြစ်နေတတ်ပါသည်။ ကြာလေလွဲလေ ဖြစ်တတ်ပါသည်။ ဤသည်မှာ အမှန်တရားကို အခြေခံလက်ကိုင်ပြု၍ လုပ်ကိုင်ခဲ့ခြင်းမဟုတ်၍ ဖြစ်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည် ဖြစ်ပါသည်။

တစ်ဖန် လုပ်ကိုင်သောအလုပ်တစ်ခုသည် မှန်ပြီး မမြန်လို့ မဖြစ်ပါ။ လူထုလူတန်းစားအလွှာအသီးသီးတွင် အမှန်ဖြင့် လုပ်ကိုင်သွားရမည့်ကိစ္စများစွာ ရှိသည်။ သို့သော် မြန်ဆန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ နှောင့်နှေးကြန့်ကြာလျက် ရှေ့သို့ခရီး မဆက်နိုင်ဘဲရှိသည်။ ဤသည်မှာ မှန်သော်လည်း မြန်အောင်မလုပ်ကိုင်ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ လူ့ဘဝသည် တိုတောင်းလှပေသည်။ နှစ် ၄၀၊ ၅၀၊ ၆၀၊ ၇၀ ဆိုသည်မှာ ကြာလှသည် မဟုတ်ပါ။ လုပ်စရာရှိသည်များ မှန်ပြီးမြန်အောင်လုပ်ကြပါမှ အမြန်ဆုံး တိုးတက်မည်ဖြစ်ပါသည်။

အဆိုးဆုံးကတော့ မှန်လည်းမမှန်၊ မြန်လည်းမမြန်ခြင်းဖြစ်ပါသည်။ လုပ်ကိုင်နေသော အလုပ်တစ်ခုသည် အခြေခံမှန်ကန်မှုမရှိသည့်အပြင် နှောင့်နှေးကြန့်ကြာနေမည်ဆိုလျှင် မည်သို့မျှ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်တော့မည် မဟုတ်ပေ။ ရှေ့တစ်ဆင့်တက်လှမ်းရန် လုံးဝမဖြစ်နိုင်တော့ဘဲ အဆိုးရွားဆုံး အနေအထားသို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။ အကောင်းဆုံးကတော့ မှန်ပြီးမြန်ရမည်ဖြစ်ပါသည်။

အလုပ်တစ်ခုသည် မှန်လည်းမှန်၊ မြန်လည်းမြန်မည်ဆိုပါက အလုပ်ပြီးမြောက် အောင်မြင်မည်ဖြစ်ပါသည်။ တိုးတက်မှုရသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ အခြေခံ မှန်ကန်သောနည်းလမ်းများကို ရွေးချယ်ပြီး မြန်မြန်လုပ်ကိုင်သွားမည်ဆိုပါက လူတစ်ဦးချင်းမှသည် နိုင်ငံအထိဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန် စက်စက်ယိုဆည်ရေသောက်စနစ်၌ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထား

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ကွင်းတစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် လာရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် နိုင်ငံခြားသား ဧည့်သည်တော်များအတွက် အော်ဂဲနစ်သစ်သီးဝလံ စိုက်ခင်းကြီးများကို တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ ကျော်စိုက်ပျိုးထားရှိပြီးဖြစ်သည်။ အဆိုပါ စိုက်ကွင်းများမှ ထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနတို့နှင့်ချိတ်ဆက်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်စနစ် ဧက ၉၀၀ သို့ ရောက်ရှိပြီး ထိုင်ဝမ်မူရင်းမျိုး အော်ဂဲနစ် သဘော်စိုက်ခင်း၌ အားကစားပြိုင်ပွဲအမီ အချိန်မီ အချိန်ကိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်ထောင်ပဲစိုက်ခင်း၊ ဆလတ်မျိုးစုံစိုက်ခင်းနှင့် ရွှေဖရုံစိုက်ခင်းများသို့ လည်းကောင်း၊ နာနတ်စိုက်ခင်း၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော အပင်ပေါင်း ၁၈၀၀၀ ကိုလည်းကောင်း၊ အော်ဂဲနစ်ဖရဲစိုက်ခင်း၌ ဖရဲပင်နှင့် ဖရုံသီးများ အောင်မြင်စွာ ထွက်ရှိနေမှုများကို လည်းကောင်း၊ ကျောက်စိမ်းမျိုး သခွားမွေးစိုက်ခင်း၊ ရွှေဝါမျိုးသခွားမွေး စိုက်ခင်းတို့ကို လည်းကောင်း၊ ဥကန်စွန်းစိုက်ခင်း၊ စပ်မျိုးကြက်ဟင်းခါး စိုက်ခင်း၊ စပ်မျိုးဘူးသီးစိုက်ခင်း၊ စပ်မျိုးခရမ်းချဉ်နှင့် ခရမ်းသီးစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်စက်ယိုဆည်သို့ရောက်ရှိပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ခင်းများအတွက် လိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် ရေပေးမြောင်းမကြီးမှ ဆည်ရေများပေးလွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာ၌ ထွက်ရှိလာသော သစ်သီးဝလံများကို အားကစားသမားများနှင့် လာရောက်အားပေးသူများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မူလရည်မှန်းချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရန်။

ရေရှည်လုပ်ငန်းစဉ်အဖြစ် နိုင်ငံတကာဈေးကွက် ရှာဖွေစိုက်ပျိုးထုတ်လုပ်တင်ပို့ရေး ရည်မှန်းချက်ထားရှိဆောင်ရွက်ပြီး နေပြည်တော်ကောင်စီနယ်မြေရှိ တောင်သူများအား စိုက်ခင်းကြီးတစ်ခုလုံး၏ အသီးအနှံများ ဝေဆာပွင့်ဖူးထွက်ရှိချိန်၌ အချိန်မီအချိန်ကိုက် လေ့လာရေးခေါ်ယူပြသပြီး မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးဆောင်ရွက်ကြရန်။

တောင်သူလယ်သမားများအနေဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်တွက်ခြေကိုက်အောင် စိုက်ပျိုးပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးကို အဆင့်မြင့်ထုပ်ပိုးခြင်းလုပ်ငန်းအပါအဝင် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံဈေးကွက်များသို့ တင်ပို့နိုင်သည့်အဆင့်ရောက်အောင် တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်အထူးစိုက်ပျိုးရေးဇုန်ကြီး (Special Agriculture Production Zone)ဖြစ်မြောက်သည်အထိ အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားရန်။

နွေရာသီ၌ စိုက်ပျိုးရေအခက်အခဲရှိသော ယာမြေများတွင် ရေကို စနစ်တကျ ခြိုးခြံသုံးစွဲပြီး ဒေသနှင့်ကိုက်ညီသော သီးနှံများရွေးချယ်စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ ရေစီမံခန့်ခွဲခြင်းနှင့် သီးနှံပုံစံရွေးချယ်စိုက်ပျိုးခြင်း စနစ်တစ်ခုပေါ်ထွက်နိုင်ရေး အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

ထင်သာမြင်သာ ပြုပြင်စရာ

ဆည်ကုန်း – ချုံးစွန်းဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ရေကျော်တံတားကို ပြန်လည်ပြုပြင်ပေးစေချင်

မိတ္ထီလာမြို့နယ် ဆည်ကုန်း-ချုံးစွန်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းပေါ်ရှိ ရေကျော်တံတားမှာ အောက်တိုဘာလတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေတိုက်စား၍ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို အသုံးပြုနေရသည့် ချုံးစွန်းကျေးရွာမှာ မြို့နှင့် ၁၅ မိုင်ခန့်ဝေးကွာပြီး အိမ်ခြေ ၁၇၀ ကျော်ရှိသည်။ အများအားဖြင့် ရွာသူရွာသားများမှာ လယ်ယာလုပ်ကိုင်ကြသော်လည်း နေ့စားအလုပ်သမားများမှာ ကျေးရွာနှင့် ၃ မိုင်ခန့်ဝေးသည့် စက်မှုဇုန်သို့သွား၍ ရက်ကန်းခတ်လုပ်ငန်းကို နေ့စဉ်သွားရောက် လုပ်ကိုင်ကြရသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိသဖြင့် ကျေးရွာနှင့် ၅ မိုင်ခန့်ဝေးသည့် အထက(၅)ရှမ်းတဲကျောင်းသို့ သွားရောက်တက်ရသဖြင့် ရေကျော်တံတားအနီးတွင် ပေ ၁၅၀ ခန့် ရေတိုက်စား၍ ချောက်ကြီးဖြစ်ပေါ်ခဲ့သောကြောင့် ကျောင်းသား ကျောင်းသူများ၊ အလုပ်သမားများနှင့် ဈေးသည်များသွားလာရေး အခက်အခဲများ ကြုံတွေ့ကြရသည်။

ယခုအခါ ရွာသူ ရွာသားများ စုပေါင်း၍ သဲအိတ်များဖြင့် **(အပေါ်ပုံ)** ယာယီသွားလာ၍ရအောင် ဆောင်ရွက်ထားသော်လည်း မိုးအဆက်မပြတ်ရွာလျှင် ပြန်လည်၍ ပျက်စီးသွားနိုင်သည့်အတွက် အဆိုပါရေကျော်တံတားကို ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ကျေးရွာနေပြည်သူများက ပြောကြားသည်။

ကျော်ကျော်(မိတ္ထီလာ)

တရုတ်တိုင်ပေမှ ပေါင်းစပ်ကုန်ထုတ်လုပ်မှုအသုံးချနည်းပညာ
INTEGRATED MANUFACTURING TECHNOLOGY FROM TAIWAN
စက်ယန္တရား၊ ကိရိယာ၊ အသုံးချနည်းပညာနှင့်လေ့ကျင့်သင်ကြားပေးမှု
MACHINERY, TOOLS, TECHNOLOGY, TRAINING

လျှပ်ကာပြောင်း (Transformer) MCB ၏ မော်တာများ၊ မျက်နှာကြက်ပန်ကာနှင့် စားပွဲတင်ပန်ကာ၊ Hi တိုင်ပိုစ္စန်းများ (Hi-mast Poles)၊ အလင်းရောင်တပ်ဆင်ပေးမှုများ (Light Fitting)၊ သွယ်ပြွန်သေတ္တာများ (Conduit Boxes)၊ ကွန်ကရစ်မွှေစက်များ (Mixer)၊ ကြိတ်စက်များ (Grinder)၊ ဓာတ်ငွေ့သုံးအပူပေးကိရိယာများ (LPG Cylinders) နှင့် မီးဖိုများ (Stoves)၊ စတီးလက်စတီးရေတိုင်ကီများ (Stainless Stell Water Tanks)၊ ပန်းကန်ဆေးခွက် (Sinks) နှင့်တံခါးများ၊ သတ္တုပြားအပေါက်များ (Sheet Metal Slitting)၊ ဖြတ်ခြင်းနှင့် အလိပ်လိပ်ခြင်း (Cutting Roll Forming)၊ ထုပုံသွင်းစက်များ (Stamping)၊ ပုံထုစက်များ (Forging)၊ ဒိုင်-ပုံသွင်းပစ္စည်းများ (Die Casting)၊ မျက်နှာကြက်တန်းများ (Hangers)၊ ကုန်မာပစ္စည်းများ (Hardware)၊ မော်တော်ကားအစိတ်အပိုင်းများ၊ အခြားကားနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့်စားသုံးသူ သုံးပစ္စည်းများ၊ ယူနီတက်-သတ္တုပုံသွင်းပစ္စည်းများ

တရုတ်တိုင်ပေ နည်းပညာကုမ္ပဏီလီမိတက်
Call Peter on+ 886-975-893 orlocal 0936131345 (on show dates)
Email: peter@umtt.com.tw
ကျွန်တော်တို့နှင့် တွေ့ရှိရန် MIMF 2013, Myanmar Convention Center
အမှတ် ၁၂၂၊ ရန်ကုန်ဈေးဆိုင်၊ နိုဝင်ဘာ (၁၅-၁၈)ရက်

သတိပေးနှိုးဆော်ချက်

နေပြည်တော်ကော်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ရုရှား-မြန်မာ သံတမန်အဆက်အသွယ်ထူထောင်သည့် (၆၅)နှစ်မြောက်အထိမ်းအမှတ် ညနေခင်းတေးဂီတဖျော်ဖြေပွဲကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ရုရှားနိုင်ငံ သံအမတ်ကြီးတို့ ရုရှား-မြန်မာ သံတမန်အဆက် အသွယ်ထူ ထောင် သည့် (၆၅)နှစ် မြောက်အထိမ်း အမှတ်တေးဂီတ ဖျော်ဖြေပွဲတွင် ရုရှားအနုပညာရှင်များနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

နေပြည်တော် နိုဝင်ဘာ ၁၂

ရုရှား-မြန်မာသံတမန် အဆက်အသွယ်ထူထောင်သည့် (၆၅)နှစ်မြောက်အထိမ်းအမှတ် ညနေခင်းတေးဂီတဖျော်ဖြေပွဲအခမ်းအနား (In Commemoration of 65th Anniversary of Establishment of Russia-Myanmar Diplomatic Relations,Russian Musical Evenings.) ကို ယမန်နေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr.Vasiliy Borisovich Pospelov က နှုတ်ခွန်းဆက်စကားပြောကြားသည်။

သီဆိုဖျော်ဖြေ

ထို့နောက် တက်ရောက်လာကြသည့်ဧည့်ပရိသတ်များအား ရုရှားအနုပညာရှင်များက ရုရှားရိုးရာတေးဂီတများနှင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ဦးဇေယျာအောင်နှင့်ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးလှမြင့်ဦးနှင့်ဦးညွန့်တင်၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီး၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Anatoliy Mihailovich Bulochnikov နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အလက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း (ယခင်အမက-၅၊ဒဂုံ) (ဘိရှော့ဟုမ်း)၌ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ကောင်းသုတခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကိုယ်တိုင်တက်ရောက် ပူဇော်ကြပါရန်နှင့် အလှူငွေနှင့် ကန်တော့ပစ္စည်းပါဝင်လှူဒါန်းလိုပါက ဆရာမ ဒေါ်လှလှကြည် ဖုန်း ၀၉- ၄၄၈၀၁၁၈၄၉၊ ဆရာမ ဒေါ်လဲ့လဲ့ဝင်း ဖုန်း ၀၉-၅၀၃၄၁၃၂၊ ဆရာမ ဒေါ်အေးအေး(၂)ဖုန်း ၀၉-၇၃၀၂၀၁၀၅၊ ဆရာမ ဒေါ်သီတာကျော် ဖုန်း ၀၉-၄၄၈၀၅၀၆၈၆၊ မောင်စည်သူဝင်း ဖုန်း ၀၉-၄၂၀၁၀၉၅၃၂၊ မောင်ဇင်ရဲလင်း ဖုန်း ၀၉-၅၀၂၂၁၄၄၊ မောင်ဝင်းမော်ဦး ဖုန်း ၀၉-၇၃၀၀၉၄၉၂၊ မအေးချမ်းဖြူ ဖုန်း ၀၉-၅၁၃၇၁၆၅ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်မြို့ သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက်ရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရပ်ကွက်လုံးဆိုင်ရာ (၄၆)ကြိမ်မြောက် ဘုရားအမှူးပြုသော သံဃာတော်(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် (၁၅)ကြိမ်မြောက် နိဗ္ဗာန်ဈေးအလှူပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၁၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို မြင်တော်သာလမ်းမကြီး၊ သုမနလမ်းမကြီးနှင့် မာန်ပြေလမ်းမကြီးများတစ်လျှောက် ကျင်းပသွားမည်ဖြစ်၍ အလှူရှင်များအနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၃ နာရီတွင် ထိုလမ်းမကြီးတစ်လျှောက် အပူဇော်ခံကြွရောက်လာမည့် ဗုဒ္ဓရုပ်ပွားတော်များနှင့် သာကေတနှင့် ဒေါပုံမြို့နယ်တို့မှ ပင့်သံဃာ (၁၀၈) ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲများလောင်းလှူပူဇော်နိုင်ကြမည်ဖြစ်သည်။

လပြည့်နေ့ညပိုင်းတွင် ၃/မာန်ပြေရပ်ကွက်အတွင်းရှိ လမ်းသွယ် အသီးသီး၌လည်း စတုဒိသာ အကျွေးအမွေးများနှင့် လှူဒါန်းကုသိုလ်ပြုမည်ဖြစ်၍ မည်သူမဆိုလာရောက်စားသုံးနိုင်ကြောင်း သိရှိရသည်။ **မခင်နွဲ့(သတင်းစဉ်)**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

◆ *ရှေ့ဖုံးမှ*

ဖြစ်ရာ ခံနိုင်ရည်ကောင်းမွန်ပြီး ခရမ်းလွန်ရောင်ခြည်ကိုလည်း ခံနိုင်ရည်ရှိသည်။ မြေအောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်အထိ ပျက်စီးယိုယွင်းခြင်းမရှိချေ။

ထို့ကြောင့် အဆောက်အအုံများ၊ ကားလမ်း၊ ရထားလမ်းများနှင့် ဆည်များ တည်ဆောက်ရာတွင် အောက်ခံမြေကြီး၏ ခံနိုင်ရည်စွမ်းအားကို မြင့်တက်စေရန် အသုံးပြုနိုင်သည့်အပြင် မြစ်ကမ်းပါးများနှင့် ပင်လယ်ကမ်းခြေများ ရေတိုက်စားမှုကာကွယ်ရန်လည်း အသုံးပြုနိုင်သည်။

တစ်ဖန်အားကစားကွင်းများ၊မြေအောက်ရေစိမ့်မြောင်းများ၊ဥမင်လိုဏ်ခေါင်းများ၊ ကတ္တရာလမ်းဟောင်းများပြုပြင်ရာတွင်လည်း အသုံးပြုနိုင်ရန် နည်းပညာ အသုံးပြုထားခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

ယခု (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အဓိကရည်မှန်းချက်မှာ ပထမဆုံးအကြိမ် ရွှေတံဆိပ်ရယူနိုင်ရေးဖြစ်သည်။

ယှဉ်ပြိုင်မည်

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲဖြစ်တာကြောင့်လည်း မြန်မာကရာတေးဒိုအဖွဲ့မှာ ပြင်ဆင်မှုအပိုင်း၊ လေ့ကျင့်မှုအပိုင်းများကို ယခင်အကြိမ်များနှင့်မတူ ပိုမိုအားစိုက် လုပ်ဆောင်ထားသည်ကိုတွေ့ရသည်။ နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို နိုင်ငံခြားနည်းပြများနှင့်လည်း ကာလရှည်လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ကရာတေးဒိုကစားသမားများစွာကို လေ့ကျင့်ပေးရန် အီရန်နှင့် မလေးရှားနည်းပြတစ်ဦးစီကို ငှားရမ်းလေ့ကျင့်စေလျက်ရှိသည်။ ကရာတေးဒိုအားကစားနည်းတွင် 'ခတ'နှင့် 'ကုမိတဲ့' ပြိုင်ပွဲအမျိုးအစားများရှိပြီး မြန်မာကရာတေးဒိုအဖွဲ့မှာပြိုင်ပွဲနှစ်မျိုးစလုံး၌ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မျှော်လင့်နိုင်

စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ်ကရာတေးဒိုပြိုင်ပွဲတွင် မြန်မာကရာတေးဒိုအဖွဲ့မှာ အောင်မြင်မှုများရယူနိုင်ခဲ့သည်။ အခြားပြိုင်ပွဲဝင်နိုင်ငံများမှာ အင်အားပြည့်လာရောက်ယှဉ်ပြိုင်ခြင်း မရှိသော်လည်း မြန်မာကရာတေးဒိုကစားသမားများမှာ ယခင်ကထက် များစွာတိုးတက်လာသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မြန်မာကရာတေးဒိုအဖွဲ့အနေဖြင့် ဆီးဂိမ်းပထမဆုံးရွှေတံဆိပ်ကို ရယူနိုင်ရန် အိမ်ရှင်အဖြစ် ပြုလုပ်မည့် ယခုအကြိမ်မှာ အကောင်းဆုံး အခွင့်အရေးဖြစ်နေသည်။ တိုးတက်လာသော မြန်မာကရာတေးဒို ကစားသမားများ၏ စွမ်းဆောင်မှု အနေအထားအရ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မျှော်လင့်နိုင်ပေသည်။

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

တောင်ငူမြို့နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ယာဉ်များ ပြိုင်ဆိုင်မှုများလာ

တောင်ငူ နိုဝင်ဘာ ၁၂

တောင်ငူမြို့ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကြီးကို အစဉ်အလာမပျက်ကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင်(၈၂)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများကိန်းဝပ်စံပယ်တော်မူရာ မဟာမုနိကေလဇာတိဘုရားကြီးမှ နိုဝင်ဘာ ၉ ၊ ၁၀ ၊ ၁၁ ရက်တို့တွင် ရပ်ကွက်ဌာနဆိုင်ရာအဖွဲ့အစည်းများက မဲပေါက်သော ဘုရားအမှတ်စဉ်အလိုက် ပင့်ဆောင်ပြီး ယာယီစံကျောင်းတော်အတွင်း သတ်မှတ်နေရာများတွင် ခမ်းနားစွာ စနစ်တကျပူဇော်ထားရှိပြီး နိုဝင်ဘာ ၁၅ ရက်တွင် တောင်ငူမြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံရန် အလှပြပူဇော်ယာဉ်များကို ဘုရားသမိုင်းဖော်ကျူး၍ သူ့ထက်ငါအပြိုင်အဆိုင် ပြင်ဆင်နေကြပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုနှစ်တွင် ဘုရားပူဇော်ယာဉ်များကို အကဲဖြတ်အမှတ်ပေးစည်းမျဉ်းနှင့်အညီ အမှတ်ပေးနိုင်ရန် ဒိုင်အဖွဲ့ကိုလည်း စနစ်တကျကျွမ်းကျင်သော ပညာရှင်များဖြင့် ဖွဲ့စည်းထားကြောင်းလည်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပင့်ဆောင်ပူဇော်ရာတွင် ကြည်ညိုဖွယ်ရာပင့်ဆောင်မှု၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ သိုက်သိုက်ဝန်းဝန်းအဖွဲ့ဝင်များလိုက်ပါပြီး အတီးအမှုတ်ဖြင့်ဆောင်ရွက်မှု၊ သတ်မှတ်နေရာများတွင် ခမ်းနားစွာစနစ်တကျပူဇော်မှု၊ ဘုရားသမိုင်းဖော်ကျူးမှု၊ ပွဲတော်နှင့်အညီ နောက်ခံကားချပ်များပြင်ဆင်ထားမှု၊ ဓမ္မပူဇာရွတ်ဖတ်ရာတွင် အသံကောင်းခြင်း၊ ဆွဲဆောင်မှုရှိခြင်းတို့အပေါ်မူတည်၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဒိုင်အဖွဲ့က အမှတ်ပေးသွားမည်ဖြစ်ပြီး ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆုကျပ်သိန်း ၃၀၊ တတိယဆုကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆုငွေကျပ် ၁၀ သိန်းဆု ငါးဆုကိုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သူရ(တောင်ငူ)

နိုင်ငံတကာသတင်း

ဗင်နီဇွဲလား၌ ကုန်စျေးနှုန်းထိန်းချုပ်မည် ကန့်သတ်အမြတ်ဖြင့်သာ ရောင်းရန် သမ္မတလိုလား

ကရာကာ့စ် နိုဝင်ဘာ ၁၂

ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက ၄င်းအား ဥပဒေပြဋ္ဌာန်းပေးမည်ဆိုလျှင် ကုန်ပစ္စည်းအားလုံး ကုန်စျေးနှုန်းထိန်းချုပ်မှုကို တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း ပြောဆိုလိုက်သည်။

၄င်းအနေဖြင့် ကုန်ပစ္စည်းစျေးနှုန်းအမြတ်ကို တရားဝင်ကန့်သတ်သွားရန် လိုလားကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။ ၄င်း၏ ကြေညာချက် ထွက်ပေါ်လာပြီးနောက် ကုန်စျေးနှုန်း အဆမတန်ကြီးမြင့်နေသော အီလက်ထရွန်နစ်ပစ္စည်းဆိုင်များကို နိုဝင်ဘာ ၉ ရက်က သိမ်းဆည်းလိုက်သည်။

ယာယီလုပ်ပိုင်ခွင့်ပေး

မစ္စတာ မာဒူရိုအား ကုန်စျေးနှုန်းထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ယာယီလုပ်ပိုင်ခွင့်ပေးရန် ယနေ့ သီတင်းပတ်အတွင်း ညီလာခံက မဲခွဲဆုံးဖြတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။

မတရား အမြတ်ကြီးစားခြင်းသည် ခိုးယူခြင်းတစ်မျိုးဖြစ်ကြောင်း သမ္မတမာဒူရိုက ရုပ်မြင်သံကြား မိန့်ခွန်းတွင် ပြောကြားလိုက်သည်။

သီတင်းပတ်ကုန်ပိုင်းတွင် စစ်သားများက စျေးကြီးလျှပ်စစ်ပစ္စည်းဆိုင်များကို ဆက်တိုက်သိမ်းဆည်းခဲ့ပြီး ၄င်းပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

အစိုးရက လျှပ်စစ်ပစ္စည်းများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချရန် စျေးဆိုင်များကို တင်းကျပ်ခဲ့ပြီးနောက် ရာပေါင်းများစွာသော ပြည်သူများ စျေးနှုန်းသက်သာစွာ ဝယ်ယူရန် စုရုံး၍ စတိုးဆိုင်ကြီးများသို့ ရောက်ရှိလာကြသည်။ စျေးနှုန်းမှာ ယခင်စျေးနှုန်းထက် လေးပုံတစ်ပုံဖြင့် ရောင်းချစေခဲ့သည်။

(ဘီဘီစီ)

ဖိလစ်ပိုင်သို့ နိုင်ငံတကာအကူအညီများ ရောက်ရှိလာစဉ်။

ဖိလစ်ပိုင်မုန်တိုင်းဘေးကူညီပေးနိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန် ကူညီရေးစစ်သင်္ဘောများစေလွှတ်

မနီလာ နိုဝင်ဘာ ၁၂

တိုင်ဖုန်းမုန်တိုင်း ဟိုင်ယန်ကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးသွားသော ဖိလစ်ပိုင်နိုင်ငံအား ကူညီပေးပါရန် ကုလသမဂ္ဂက မေတ္တာရပ်ခံ ပန်ကြားလိုက်ပြီးနောက် အမေရိကန်နှင့် ဗြိတိသျှစစ်သင်္ဘောများသည် ဖိလစ်ပိုင်သို့ ဦးတည်ထွက်ခွာသွားကြသည်။ အမေရိကန်က ဖိလစ်ပိုင်နိုင်ငံ၌ လေယာဉ်တင်သင်္ဘောတစ်စင်းနှင့် ရေတပ်သင်္ဘောများ ဖြန့်ကြက်ချထားသည်။ ထိုစဉ်အတွင်း ဗြိတိန်ကလည်း ဖျက်သင်္ဘောတစ်စင်း စေလွှတ်လိုက်သည်။

ယင်းမုန်တိုင်းကြောင့် လူ ၁၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာတို့ အကူအညီလိုအပ်နေဆဲဖြစ်သည်။ ဖိလစ်ပိုင်သမ္မတ ဘီနင်နို အကွီနိုက နိုင်ငံအား ဘေးဒုက္ခကျရောက်သည့် နိုင်ငံအဖြစ် ကြေညာလိုက်သည်။

အဆိုပါကြေညာချက်တွင် လိုင်တေးနှင့် ဆာမားပြည်နယ်များသည် အဆိုးရွားဆုံးဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများပြီး သေဆုံးမှုလည်း အလွန်များကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာကူညီရေးအဖွဲ့များ ပါဝင်ကူညီရန် ကြိုးစားနေသော်လည်း ယင်းဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိရန် ရုန်းကန်ကြိုးစားနေရသည်။ ကုလသမဂ္ဂက ကြီးမားများပြားလှသည့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရန် စီစဉ်လျက်ရှိသည်။ အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၅ သန်းခွဲဝေ ပေးသွားမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားလိုက်သည်။ (ဘီဘီစီ)

ဆိုမာလီတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ် သေဆုံးသူ အနည်းဆုံး ၁၀၀ အထိရှိ

ဆိုမာလီယာ နိုဝင်ဘာ ၁၂

ဆိုမာလီနိုင်ငံအရှေ့မြောက်ပိုင်း ပန့်လန်းဒေသ၌ သီတင်းပတ်ကုန်ပိုင်းက အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်သွားသဖြင့် လူ ၁၀၀ သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထောင်ပေါင်းများစွာသော မွေးမြူရေးလုပ်ငန်းများပျက်စီးပြီး နေအိမ်များလည်းရာနှင့်ချီ၍ ပျက်စီးသွားကြောင်း ပန့်လန်းဒေသဥက္ကဋ္ဌ အဗ္ဗဒီရာမန်ဖာရိုးက ပြောသည်။

တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ၄င်းဒေသသို့ လေပြင်းမုန်တိုင်းများကျရောက်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ မုန်တိုင်းကြောင့် ရေလုပ်သားများပျောက်ဆုံးနေဆဲဖြစ်သည်။ 03A ဟု လူသိများသည့် အဆိုပါမုန်တိုင်းသည် အားလ်၊ ဘေးလာ၊ ဘန်ဂိုရာယိုနှင့် ဖာဖွန်းခရိုင်များ၊ အလူကာကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ယင်းဒေသများသည် အာဖရိကတိုက်၏ ဦးချိုဒေသဖြစ်သည်။ ***(ဘီဘီစီ)***

- -

ထိုင်းနယ်စပ်ရှိ ဖရာ့ဝိဟာ ဘုရားကျောင်း ကမ္ဘောဒီးယားပိုင်ဖြစ်ဟု ဆုံးဖြတ်ချက်ချ

ဖနောင်ပင် နိုဝင်ဘာ ၁၂

ထိုင်းနယ်စပ်ရှိ အငြင်းပွားဖရာ့ဝိဟာဘုရားကျောင်းဝတ္တကမြေသည် ကမ္ဘောဒီးယားပိုင်ဖြစ်သင့်ကြောင်း ကုလသမဂ္ဂထိပ်တန်းတရားရုံးက အမိန့်ထုတ်ပြန်လိုက်ကြောင်း နိုဝင်ဘာ ၁၁ ရက်တွင် ဘီဘီစီက ဖော်ပြသည်။ ထိုင်းနိုင်ငံအနေဖြင့် အဆိုပါ ဘုရားကျောင်းတော်ကုန်းထိပ်ရှိ ဘုရားကျောင်း အနီးမှ တပ်များ ဆုတ်ခွာပေးရမည်ဖြစ်ကြောင်း ဟာဂ်မြို့ရှိနိုင်ငံတကာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ထားသည်။

အဆိုပါ နိုင်ငံတကာဂျူရီများ၏ ဆုံးဖြတ်ချက်ကို အစိုးရနှစ်ခုစလုံးက ကြိုဆိုလိုက်သည့်အပြင် ထိုင်းဝန်ကြီးချုပ်ကလည်း ပြည်သူများအား ဆုံးဖြတ်ချက်ကို လက်ခံရန် ဆော်ဩလိုက်သည်။ ယင်းဘုရားကျောင်းသည် သက်တမ်းနှစ် ၉၀၀ ရှိ ဟိန္ဒူဘုရားကျောင်းဖြစ်သည်။

ယင်းဘုရားကျောင်းကို နိုင်ငံတကာတရားရုံးက ကမ္ဘောဒီးယားပိုင်ဖြစ်ကြောင်း ၁၉၆၂ ခုနှစ်က ကြေညာခဲ့သော်လည်း ဝတ္တကမြေကို ကမ္ဘောဒီးယားပိုင်ဖြစ်ကြောင်း မကြေညာခဲ့ဟုဆိုသည်။ *(ဘီဘီစီ)*

နယူးဒေလီ၌ ငလျင်ငယ်လေးကြိမ်လှုပ်

နယူးဒေလီ နိုဝင်ဘာ ၁၂

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ငလျင်ငယ်လေးကြိမ်လှုပ်ခဲ့ရာ လူများလမ်းများပေါ်သို့ ပြေးလွှားနေကြရကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

ပထမဆုံးငလျင်သည် ၃ ဒသမ ၁ ရှိကြောင်း နယူးဒေလီတောင်ပိုင်းအနီး၌ ဗဟိုပြုလှုပ်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနကပြောသည်။

ယင်းနောက် ၃ ဒသမ ၃၊ ၂ ဒသမ ၅ နှင့် ၂ ဒသမ ၈ အဆင့်ရှိ ငလျင်ငယ်များ လှုပ်ခဲ့ကြောင်း၊ ယင်းငလျင်များသည် မြို့တော်နယူးဒေလီနှင့် ဆင်ခြေဖုံးမြို့များဖြစ်သည့် နွိုင်ဒါနှင့် ဂါဇီယာဘတ်တို့၌ တစ်နာရီအတွင်း လှုပ်ခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသဌာနကပြောသည်။ ယင်းငလျင်များကြောင့် ထိခိုက်ပျက်စီးမှုမရှိဟု ဆိုသည်။ **(ဘီဘီစီ)**

လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြမ်းကို ဆန့်ကျင်နေသော ထိုင်းပြည်သူများ။

ထိုင်းလွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်း ဆီးနိတ်လွှတ်တော်ကလက်မခံပယ်ချ

ဗန်ကောက် နိုဝင်ဘာ ၁၂

ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်ကို နိုင်ငံသို့ ပြန်လာစေနိုင်သည့် အငြင်းပွားဖွယ်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြမ်းကို ထိုင်းဆီးနိတ်လွှတ်တော်က ပယ်ချလိုက်သည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းသည် ထိုင်းနိုင်ငံ၏ ၂၀၀၆ ခုနှစ် အာဏာသိမ်းပြီး ဝန်ကြီးချုပ်သက်ဆင် ဖြုတ်ချခံရပြီးနောက် နိုင်ငံရေး ကမောက်ကမဖြစ်စဉ်အတွင်း ပြစ်မှုကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေမည်ဖြစ်သည်။ ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန်စောင့်ဆိုင်းနေစဉ် ကြီးမားသောဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ၄င်းဥပဒေကြမ်းကို အောက်လွှတ်တော်မှ ဆီးနိတ်လွှတ်တော်သို့ တင်သွင်းနေချိန် တနင်္လာနေ့က ဗန်ကောက်မြို့လမ်းများပေါ်တွင် ထောင်ပေါင်းများစွာသော ပြည်သူများက ကန့်ကွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

မစ္စတာသက်ဆင်၏ ညီမဖြစ်သူ ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်က အထက်လွှတ်တော်၏ဆုံးဖြတ်ချက်ကို လေးစားရန် ကတိပြုပြောဆိုလိုက်သည်။ အဆိုပါဥပဒေကြမ်းက မစ္စတာသက်ဆင်ကို ရာထူးမှပယ်ရှားခဲ့စဉ် ပြစ်မှုကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် ဖူထိုင်းပါတီက တင်ပြခဲ့ခြင်း ဖြစ်သည်။ အဆိုပါဥပဒေသည် နှစ်အတန်ကြာ နိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်စေရန် လိုအပ်သော ခြေလှမ်းဖြစ်ကြောင်း မစ္စရင်လတ် အစိုးရက တိုက်တွန်းလိုက်သည်။

အဆိုပါ နိုင်ငံရေးမတည်ငြိမ်မှုတွင် ၂၀၀၈ ခုနှစ်က ဗန်ကောက်လေဆိပ်ကို သိမ်းပိုက်ထားပြီး ၂၀၁၀ ခုနှစ်က ဗန်ကောက်လမ်းများပေါ်ထွက်ပြီး နှစ်လကြာ ဆန္ဒပြမှုများပါဝင်နေသည်ဟု ဆိုသည်။ အတိုက်အခံဒီမိုကရက်တစ်ပါတီက ယခုဥပဒေကြမ်းသည် သက်ဆင်အား ထောင်ချမခံရဘဲ နိုင်ငံသို့ ပြန်လာနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယုံကြည်ထားသည်။ **(ဘီဘီစီ)**

မန္တလေး မရမ်းခြံဆိပ်ကမ်းတွင် ကုန်တင်မော်တော်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားသဖြင့် ရှစ်ဦးဒဏ်ရာရရှိ

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်အကွက် ၂၂၀ မရမ်းခြံဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော မန္တလေး-ထီးချိုင့်ပြေးဆွဲသည့် စန္ဒာမင်းကုန်တင်မော်တော်ရေယာဉ်တစ်စင်း ယနေ့မွန်းတည့် ၁၂ နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ (အောက်ပုံ) **မွန်းလွဲ ၁နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်းသိရသည်။**

ဖြစ်စဉ်မှာ အလျား ပေ ၁၀၀၊ အကျယ် ၂၂ပေနှင့် အနက် ၆ပေရှိ စန္ဒာမင်းကုန်တင်မော်တော်ရေယာဉ် အင်ဂျင်ဂီယာဘောက် ပြုပြင်နေစဉ် အလင်းရောင်မမြင်ရ၍ မီးစက်နှိုးရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ မီးသတ်ယာဉ် ၄၈ စီးနှင့် အုပ်ချုပ်မှုယာဉ်နှစ်စီးဖြင့် သန္ဓေတပ်ဖွဲ့ဝင် ၆၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၄၀ နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၇၀ နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ကိုမျိုး ၃၀ နှစ် ဒင်းကြီးကျေးရွာ ထီးချိုင့်၊ ကိုဂျစ်တူး ၁၇ နှစ် ဒင်းကြီးကျေးရွာ ထီးချိုင့်၊ ဦးကျော်မောင် (စက်ဆရာ) ၆၈ နှစ် ဒေးဝန်းအနောက်၊ ကိုကျော်သူစိုး(ခ) ကိုကုလား ၂၅ နှစ် ဒင်းကြီးကျေးရွာ ထီးချိုင့်၊ ဒေါ်တင်ဆွေမြင့် (ပိုင်ရှင်) ၅၈နှစ် ဒင်းကြီးကျေးရွာ ထီးချိုင့်၊ ဦးတင်ယု ဒေးဝန်းအနောက်၊ ဦးဝဲကျော် ၂၉နှစ် ဒေးဝန်းအနောက်တို့ (မစိုးရိမ်ရ) ခြေထောက်နှင့် လက်တို့၌ မီးဟပ်ဒဏ်ရာရရှိခဲ့ပြီး ကိုချမ်းငြိမ်း ၂၀ နှစ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ အဆိုပါ မော်တော် မီးလောင်မှုကြောင့် မော်တော်၊ ခေတ်ဆီပီပါ လေးလုံး၊ ဒီဇယ်ပီပါ ခြောက်လုံးနှင့် အခြားကုန်ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ပြီး ငွေကျပ် ၁၁၂ သိန်းကျော် ဆုံးရှုံးခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူအား အမှတ် (၅) နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

လေထုညစ်ညမ်းမှုနှင့် အဆုတ်ကင်ဆာ

နေခြည်

တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ အဆုတ်ကင်ဆာရောဂါဖြစ်ပွားသူဦးရေမှာ ၁၀ စုနှစ်ကျော် ကာလအတွင်း တစ်ဟုန်ထိုး မြင့်မားလာခဲ့ကြောင်း ဘီဘီစီကျန်းမာရေးသတင်းတွင် ရေးသားထားသည်။

နိုင်ငံပိုင်မီဒီယာဆင်ဟွာသတင်းအေဂျင်စီမှ ရေးသားဖော်ပြချက်အရ ယင်းကာလအတွင်း ၅၀ ရာခိုင်နှုန်းမက တိုးလာခဲ့သည်ဟု ဆိုသည်။

ဤကဲ့သို့ အဆုတ်ကင်ဆာရောဂါသည် တိုးလာခြင်းအကြောင်းအရင်းမှာ ဆေးလိပ်သောက်သုံးခြင်းကြောင့်ဖြစ်ပြီး လေထုညစ်ညမ်းမှုသည်လည်း အဆုတ်ကင်ဆာဖြစ်စေသော အချက်တစ်ခုဖြစ်ကြောင်းပေကျင်းကျန်းမာရေး တာဝန်ရှိသူများက ပြောကြားကြသည်။

ကမ္ဘာ့ကျန်းမာရေးဖွဲ့ (WHO) က လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်၌ နှစ်စဉ်လူဦးရေ သန်းပေါင်းများစွာသေဆုံးနေရကြောင်း မကြာသေးမီကတွက်ချက်ဖော်ပြထားသည်။

ပေကျင်းမြို့တော်၌ ၂၀၀၂ ခုနှစ်က လူဦးရေ ၁၀၀၀၀၀ တွင် ကင်ဆာရောဂါဖြစ်ပွားသူ ၃၉ ဒသမ ၅၆ ဦးနှုန်းရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်ရှာဖွေတွေ့ရှိမှုအရ လူတစ်သိန်းတွင် ၆၉ ဒသမ ၀၉ ဦးနှုန်းထိ ခုန်တက်သွားခဲ့သည်။ ယခုသီတင်းပတ်အစောပိုင်းမှာပင် ကျန်စုပြည်နယ်၌ ရှစ်နှစ်အရွယ်မိန်းကလေးငယ်တစ်ဦး အဆုတ်ကင်ဆာကြောင့် သေဆုံးခဲ့ရပြီး ယင်းကလေးငယ်သည် တရုတ်နိုင်ငံ၏ အသက်အငယ်ဆုံးသော အဆုတ်ကင်ဆာရောဂါရှင်ဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံ ပြည်သူများသည် လေထုညစ်ညမ်းမှုထုပြောမှုကြောင့် ဖြစ်ပေါ်သော ကျန်းမာရေးပြဿနာများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ကြီးထွားလာကြသည်။ တရုတ်နိုင်ငံ၌ လေထုညစ်ညမ်းမှုမှာ ရုံဖန်ရံခါ နိုင်ငံအနှံ့အပြားဖုံးလွှမ်းမှုများ ဖြစ်ပေါ်ပြီး ယင်းကဲ့သို့ဖြစ်ပွားရခြင်းသည် တရုတ်နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှု ဥပဒေအားနည်းချက်နှင့်အတူ စီးပွားရေးချဲ့ထွင်မှု အလျင်အမြန်တိုးလာခြင်းကြောင့် ဖြစ်သည်ဟု လေ့လာသူများက ဆိုသည်။

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကြည့်ရှုနိုင်ရန် ဝင်ခွင့်ကတ်များပြုလုပ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများကို ဝင်၊ ထွက်ခွင့် စိစစ်ရေးကတ်ပြားများဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ရရှိနိုင်ရေး၊ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် ဝင်၊ ထွက်ခွင့် စိစစ်ရေးကတ်ပြားများပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ဝင်၊ ထွက်ခွင့်ကတ်ပြားများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ကတ်တစ်ကတ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် အောက်ဖော်ပြပါနေရာများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြသ၍ ကြိုတင်ဆောင်ရွက်နိုင်သည်-

(က) နေပြည်တော်

(၁) ဝဏ္ဏသိဒ္ဓိအဆင့်မြင့်အားကစားကွင်းအမှတ်(၁)ဂိတ်။
(၂) လယ်ဝေးရှိ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်း။
(၃) ပျဉ်းမနားပေါင်းလောင်းအားကစားကွင်း။
(၄) နေပြည်တော်ဟိုတယ်ဇုန်ရှိ Junction Center။

(ခ) ရန်ကုန်

(၁) ဟံသာဝတီအဝိုင်းအနီး Junction Square ။
(၂) သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (ဘော်လီဘောရုံ)

အဆိုပါ ဝင်၊ထွက်ခွင့်ကတ်ပြုလုပ်ထားသူများသည် ပြိုင်ပွဲကာလဖြစ်သည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်၊ ရန်ကုန်ရှိ အောက်ဖော်ပြပါ အားကစားပြိုင်ပွဲကွင်း၊ ရုံများသို့အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည်-

(က) နေပြည်တော်တွင်ကျင်းပမည့် အားကစားနည်းများ

ပြေးခုန်ပစ်၊ ဖူဆယ်၊ ခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဝူရှူး၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ မွေ၊ စက်ဘီး၊ မြား၊ မြင်းစီး၊ ရေကူး၊ ပီတန်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘိလိယက်နှင့် စနူကာ၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်၊ ဂျူဒို၊ စစ်တုရင်၊ ဂေါက်သီး၊ လှေလှော်၊ ကနူး/ ကယက်၊ ရိုးရာလှေ

(ခ) ရန်ကုန်မြို့တွင် ကျင်းပမည့် အားကစားနည်းများ

(၁) သိမ်ဖြူကွင်းတွင်ပြုလုပ်မည့် ဟော်ကီပြိုင်ပွဲ။
(၂) သိမ်ဖြူအားကစားရုံတွင်ပြုလုပ်မည့် အလေးမပြိုင်ပွဲ။
(၃) အမျိုးသားအားကစားရုံတွင်ပြုလုပ်မည့် ကမ်ပိုနှင့် နပန်းပြိုင်ပွဲ။
(၄) ဒဂုံ(မြောက်)သေနတ်ပစ်ကွင်းတွင်ပြုလုပ်မည့် သေနတ်ပစ်ပြိုင်ပွဲ။
(၅) ရန်ကုန် MICC တွင်ပြုလုပ်မည့် ကာယဗလပြိုင်ပွဲ။

အထက်ပါ ဝင်၊ထွက် ကြည့်ရှုခွင့်ကတ်ပြားသည် လုံခြုံရေးအရ စိစစ်ရေးကတ်ပြားသာဖြစ်သည်။ ဖွင့်ပွဲ၊ ပိတ်ပွဲနှင့် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကြည့်ရှုခွင့်လက်မှတ်နှင့်မသက်ဆိုင်ကြောင်းနှင့် နေပြည်တော်တွင် ပြုလုပ်မည့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားလက်မှတ်နှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ကျင်းပမည့် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကြည့်ရှုခွင့်လက်မှတ်များအား သီးခြားဝယ်ယူရမည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ပြိုင်ပွဲဝင် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိစေရေးအတွက် ကိုယ်တိုင်အားပေးနိုင်ရန် ပြိုင်ပွဲများဝင်ရောက်ကြည့်ရှုခွင့်လက်မှတ်များကို အမြန်ပြုလုပ်ကြပါရန် ကြိုတင်နှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ရေးရာကဏ္ဍ

▲ *ပြည်ထောင်စုလွှတ်တော်မှ*

လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အလေးအနက်ထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းအရ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ လျှပ်စစ်ဓာတ်အား ၄၉၁၀ မဂ္ဂါဝပ်အထိ လိုအပ်ပါကြောင်း၊ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ၈၉၂၉ မဂ္ဂါဝပ်တပ်ဆင်ရမည်ဖြစ်သော်လည်း ယနေ့ လက်ရှိတည်ဆောက်ပြီးစီးခဲ့သည့် စက်တပ်ဆင်အင်အား ပမာဏအနေဖြင့် ၃၆၀၀ မဂ္ဂါဝပ်သာ ရှိခဲ့ပါကြောင်း။

စီမံကိန်းလျာထားချက်ပါ ရေအားစက်ရုံစီမံကိန်း ၇ ခု၊ စွန့်ပစ်အပူသုံးစက်ရုံ စီမံကိန်း ၃ ခုနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ၂ ခုတို့ကို တည်ဆောက်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဂ္ဂါဝပ် ၅၀၀၀ ကျော် ခန့်လျော့နည်းခဲ့ပါကြောင်း၊ နှစ်စဉ်ဆောင်ရွက်ရန် စီမံကိန်း ချမှတ်ခဲ့သော်လည်း အစိုးရအဖွဲ့တစ်ခုတည်းက တာဝန်ယူသည့်အခါတွင် ဘဏ္ဍာငွေအခက်အခဲကြောင့် လျော့နည်းခဲ့ပြီး လျှပ်စစ်မီးမရသည့်ပြဿနာများ ယနေ့ ရင်ဆိုင်နေရပါကြောင်း။

ဆောင်ရွက်လျက်ရှိ

၂၀၁၀ ခုနှစ်တွင် ဓာတ်အားသုံးစွဲမှုသည် ၁၄၂၀ မဂ္ဂါဝပ်သာရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂၀၆၀ မဂ္ဂါဝပ်ထိ ရှိခဲ့ခြင်းကြောင့် ဓာတ်အားသုံးစွဲမှုပမာဏ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိပါကြောင်း၊ အဆိုပါ တိုးတက်မှုနှုန်းအရ ၂၀၁၅ ခုနှစ်တွင် မဂ္ဂါဝပ် ၃၀၀၀ ခန့် အထိ သုံးစွဲလာမည်ဖြစ်ပါကြောင်း၊ ဓာတ်အားသုံးစွဲမှုကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေး စက်ရုံများ အချိန်မီတည်ဆောက်နိုင်ရန်လိုအပ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် နွေရာသီဓာတ်အားလိုအပ်မှုကိုကြည့်ပါက ၂၃၇၀ မဂ္ဂါဝပ်လိုအပ်မည်ဖြစ်ပြီး လက်ရှိတည်ဆောက်ပြီး ဓာတ်အားပေးစက်များမှ ၁၆၅၅ မဂ္ဂါဝပ်သာ အများဆုံး ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် ၇၁၅ မဂ္ဂါဝပ်ခန့် ထပ်မံလိုအပ်နေပါကြောင်း၊ လိုအပ်သောဓာတ်အားများကို ဖြည့်ဆည်းပေးရန်အတွက် တည်ဆောက်ဆဲရေအားလျှပ်စစ် စက်ရုံများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ခန့်အထိနှင့် ၂၀၁၆ ခုနှစ် နွေရာသီကာလ တွင် မဂ္ဂါဝပ် ၄၀၀၀ ခန့်အထိ သုံးစွဲလာမည်ဖြစ်သည့် အတွက် နောက်ထပ်လျှပ်စစ်ဓာတ်အား ၁၅၀၀ မဂ္ဂါဝပ်ခန့် ထပ်မံဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ယင်းဓာတ်အား ပမာဏဖြည့်ဆည်းပေးနိုင်ရန် ၅၀၀ မဂ္ဂါဝပ်ဓာတ်အားပေး စက်ရုံ ၃ ရုံကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အမီ အဆင့်

> **၂၀၁၅ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ခန့်အထိနှင့် ၂၀၁၆ ခုနှစ် နွေရာသီကာလတွင် မဂ္ဂါဝပ် ၄၀၀၀ ခန့်အထိ သုံးစွဲလာမည်ဖြစ်သည့်အတွက် နောက်ထပ်လျှပ်စစ်ဓာတ်အား ၁၅၀၀ မဂ္ဂါဝပ်ခန့် ထပ်မံဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ယင်းဓာတ်အားပမာဏ ဖြည့်ဆည်းပေးနိုင်ရန် ၅၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ ၃ ရုံကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အမီ အဆင့်အလိုက် အချိန်မီပြီးစီးအောင် တည်ဆောက်ရန်လိုအပ်ပြီး အမေရိကန်ဒေါ်လာ သန်း ၂၁၀၀ ခန့် လိုအပ်မည်။**

အလိုက် အချိန်မီပြီးစီးအောင် တည်ဆောက်ရန်လိုအပ်ပြီး အမေရိကန်ဒေါ်လာ သန်း ၂၁၀၀ ခန့် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံငွေပမာဏကို အစိုးရအဖွဲ့တစ်ဦးတည်းက ကျခံဆောင်ရွက်ရန်မဖြစ်နိုင်သည့်အတွက် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုပမာဏများသည့် ဓာတ်အားပေးစက်ရုံများ ရင်းနှီးမြှုပ်နှံတည်ဆောက်နိုင်ကြရန် ပြည်တွင်း၊ ပြည်ပမှပုဂ္ဂလိကများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း။

ပုဂ္ဂလိကပိုင်းက လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ဝန်ကြီးဌာနအနေဖြင့် အခက်အခဲဖြစ်နေသည်မှာ ဓာတ်အားခနှုန်းထားပင်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များ အပေါ် တွက်ခြေကိုက်မှုကိုရည်ရွယ်စဉ်းစားပြီး ဓာတ်အားခနှုန်းထားတောင်းခံပါကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ အတွေ့အကြုံမျိုးမရှိခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့က ကျွမ်းကျင်သောပညာရှင်များ ခေါ်ယူပြီး ဓာတ်အားခနှုန်းထားကို သုံးသပ်တွက်ချက်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနက ဝယ်ယူနိုင်မည့်နှုန်းထားနှင့် ပုဂ္ဂလိကကုမ္ပဏီများက ရောင်းနိုင်မည့်နှုန်းထားများညှိနှိုင်းရာတွင် အခက်အခဲများတွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဓာတ်အားထုတ်လုပ်မှုစရိတ် တစ်ယူနစ် ဓာတ်ငွေ့တန်ဖိုးမပါ ၃ ဒသမ ၄ ဆင့် ပေးရန်ဆောင်ရွက်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း အရင်းကျေကာလသတ်မှတ်ပြီး ၃ နှစ်ကျော်ပါက ဓာတ်အားခတိုး၍ပေးရန် တောင်းဆိုသည့်ကိစ္စများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရောင်းချရသောဓာတ်အားခနှုန်းထားနည်းသည့်အတွက် ဝန်ကြီးဌာနက အရှုံးခံသွားရမည်ဖြစ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသူတိုင်းကို ဝန်ကြီးဌာနအနေဖြင့် အရှုံးခံ တာဝန်ယူရမည်ဆိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တစ်ခုတည်းတွင် ဘတ်ဂျက်အမြောက်အမြား ကျခံသုံးစွဲနေရမည်ဖြစ်ပါကြောင်း။

ဥပမာ မန္တလေးတိုင်းဒေသကြီးတွင် အမေရိကန်နိုင်ငံမှ တည်ဆောက်ရန်စီစဉ်နေသည့် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် ပထမဆင့်အနေဖြင့် မဂ္ဂါဝပ် ၁၀၀×၂=၂၀၀ မဂ္ဂါဝပ်အထိ တည်ဆောက်ရန်ရည်ရွယ်ထားပြီး ၎င်းတို့ ရောင်းချမည့် ဓာတ်အားခဈေးနှုန်းသည် ၁၅ ဆင့် ငွေကျပ် ၁၅၀ ခန့်ရမှသာ ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနမှ တစ်ယူနစ် ၃၅ ကျပ်ဖြင့်သာ ပြန်လည်ရောင်းချပါက ဈေးနှုန်းအလွန်ကွာခြားသည့်အတွက် ညှိနှိုင်းရာတွင် အခက်အခဲများ ဖြစ်ရပါကြောင်း၊ ထိုစီမံကိန်းမျိုးကို မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရင်းနှီးမြှုပ်နှံရပါက နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့်ရင်းနှီးမြှုပ်နှံရမည် ဖြစ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်းမရှိခဲ့လျှင်လည်း ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နွေရာသီကာလများ၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အခက်အခဲများ ရှိလာမည်ဖြစ်ပါကြောင်း။

လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ကနေဒါ၊ ဩစတြေးလျနှင့် နော်ဝေ စသည့်နိုင်ငံများကလည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းလျက်ရှိပါကြောင်း၊ ယင်းကုမ္ပဏီများအနေဖြင့် ဓာတ်အားရောင်းချရာတွင် တွက်ခြေကိုက်မည့်နှုန်းထားနှင့် ရောင်းချမည်ဖြစ်ပါကြောင်း၊ ဓာတ်အားရောင်းချမည့်ဈေးနှုန်းအရ တွက်ခြေမကိုက်သည့် အတွက် ရင်းနှီးမြှုပ်နှံမှုများ နှောင့်နှေးလျက်ရှိပါကြောင်း၊ ၎င်းတို့ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိသည့်ဓာတ်အားခနှုန်းထားမျိုး ညှိနှိုင်းပေးနိုင်ရန်လိုပါကြောင်း၊ ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ အနေဖြင့်လည်း လက်ရှိဆွေးနွေးဆဲဖြစ်သည့် ကုမ္ပဏီများကိုစောင့်ကြည့်လျက်ရှိနေပါကြောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် Win-Win အခြေအနေ ညှိနှိုင်းနိုင်ခြင်းမရှိပါက မည်သူမျှ လာရောက်ရင်းနှီးမြှုပ်နှံမည် မဟုတ်ပါကြောင်း၊ ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့်ပတ်သက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ဓာတ်အားသုံးစွဲမှုများ သိသိသာသာတိုးတက်လာမှုကို စီမံချက်ချဆောင်ရွက်ရန် လိုအပ်ကြောင်း၊ **ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားရရှိမှု ကွာခြားချက်သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိက ကန့်သတ်ချက်ဖြစ်နေကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုကို အဓိကဆွဲဆောင်နိုင်သော အချက်မှာ လျှပ်စစ်ဓာတ်အားဝယ်ရေးစာချုပ်ဖြစ်ကြောင်း၊ PPA အဆုံးသတ်ရန် ကြန့်ကြာနေမှုများသည် ရင်းနှီးမြှုပ်နှံမှုများကို လျော့နည်းလာမည်ဖြစ်၍ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊** ဤအခြေအနေသည် အရှေ့၊ အနောက်နိုင်ငံများ၏ ရေရှည် ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်စေကြောင်း၊ လာမည့်နှစ် နွေရာသီမတိုင်မီ လျှပ်စစ်ဓာတ်အား ယခုထက် ပိုမိုသုံးစွဲနိုင်ရန်ဖြေရှင်းပေးသင့်ပါကြောင်းဖြင့် သံရုံးအချို့က အကြံပြုတင်ပြထားပါကြောင်း။

မိမိတို့လျှပ်စစ်ကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍ ပိုမိုပါဝင်လာစေရန်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လျှပ်စစ်ဥပဒေတွင်လည်း ထည့်သွင်းရေးဆွဲထားပြီး ပြည်ထောင်စုလွှတ်တော်တွင် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍပါဝင်လာရန်အတွက် ဓာတ်အားခနှုန်းထားအပေါ် မူတည်ပြီး ဝင်ရောက်လာမည်ဖြစ်ပါကြောင်း။

ဓာတ်အားထုတ်လုပ်ရေးတွင် ပုဂ္ဂလိကများပါဝင်လာပြီး အစိုးရက ဓာတ်အားကို အားလုံးစိုက်ထုတ် ဝယ်ယူရမည်ဆိုပါက ၂၀၁၅-၂၀၁၆ ခုနှစ်အချိန်ခန့်တွင် အစိုးရဘတ်ဂျက်တစ်ခုလုံးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတစ်ခုတည်း အတွက်သာ အသုံးပြုရသကဲ့သို့ ဖြစ်နေမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကများ ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်အောင် ဖိတ်ခေါ်သည့်အခါ ဓာတ်အားခဈေးနှုန်းကွာခြားချက်သည် ဝန်ကြီးဌာနအတွက် ကြီးမားသည့်အခက်အခဲတစ်ရပ် ဖြစ်နေပါကြောင်း။

၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ကြား ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်သွားရန်လိုပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံတစ်ခု တည်ဆောက်ရန် ၈ နှစ်မှ ၁၀ နှစ်အကြား ကြာမြင့်ပါကြောင်း၊ ယခု ရဲရွာရေအားလျှပ်စစ်စက်ရုံကြီးဆိုလျှင် ယခင်အစိုးရလက်ထက်က တည်ဆောက်ခဲ့သည့်အတွက် မိမိတို့ သုံးစွဲနေရခြင်းဖြစ်ပြီး အချိန်ခုနစ်နှစ်ခန့် တည်ဆောက်ခဲ့ရပါကြောင်း၊ ယင်းစီမံကိန်းသည် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်နှင့် ပြည်တွင်းငွေကျပ် ဘီလီယံပေါင်း ၂၈၈ ဒသမ ၇ ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ရပါကြောင်း၊ တစ်ယူနစ် ငွေကျပ် ၂၀ နှင့် ရောင်းချပေးလျက်ရှိပါကြောင်း၊ သို့သော် နိုင်ငံတော်က ချေးယူထားသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၁၉၉ ဒသမ ၉၈ အနက် ယခုအထိ အမေရိကန်ဒေါ်လာ သန်း ၂၀ ဒသမ ၇၈ သာ ပေးဆပ်ပြီးဖြစ်သည့်အတွက် ကျန်ငွေ အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၁၁ သန်းကို ၂၀၂၄ ခုနှစ်အထိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က ဆက်လက်ပေးဆပ်နေရဦးမည် ဖြစ်ပါကြောင်း၊ မြန်မာငွေ ၂၈၈ ဒသမ ၇ ဘီလီယံကိုမူ နိုင်ငံတော်က အရင်းအနှီးပြုပေးထားရခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် တည်ဆောက်မည့် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းမျိုးသည်လည်း ယခင်က မရှိဖူးသေးပါကြောင်း၊ ဓာတ်အားစနစ်၏ ပင်မကျောရိုးအဖြစ် မြစ်ကြီးနားမှ ရန်ကုန်ထိလည်းကောင်း၊ ထိုမှဆက်၍ ပဲခူးမှ မော်လမြိုင်ထိလည်းကောင်း၊ မဖြစ်မနေ တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြဝတီမြို့ကိုဖြတ်ပြီး Asean Power Grid နှင့် ချိတ်ဆက်ရန် လိုအပ်ပါကြောင်း၊ ထို ၅၀၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းသည် ဓာတ်အားစနစ်ကို ကောင်းမွန်နိုင်အောင် ဓာတ်အား အသုံးများသောဒေသများကို လျှပ်စစ်ဓာတ်အား အမြောက်အမြား ပို့လွှတ်ပေးနိုင်ရန် ဓာတ်အားပို့လွှတ်သည့် စနစ်အတွင်း ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်စသည့် ရည်ရွယ်ချက်များနှင့် ထိုသို့သော ဓာတ်အားလိုင်းမျိုးများကို နိုင်ငံတကာ၌ တည်ဆောက်နေကြပါကြောင်း၊ ထိုင်းနိုင်ငံတွင် ၅၀၀ ကေဗွီဓာတ်အားလိုင်း ၂၂၀၆ မိုင် တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းများဆောင်ရွက်ရန် ချေးငွေများလည်း မဖြစ်မနေ ယူသင့်က ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့လက်ရှိ စတင်ဆောင်ရွက်မည့် ၅၀၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်းသည် ၂၀၁၆ ခုနှစ်တွင် စတင်သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

ဓာတ်အားခနှုန်းထားသည် ယခုမှတက်ခြင်းမဟုတ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က တစ်ကြိမ်တက်ခဲ့ပါကြောင်း၊ ယင်းအကြိမ်က အိမ်သုံး ၂၅ ကျပ်မှ ၃၅ ကျပ်သို့လည်းကောင်း၊ စက်မှုသုံး ၅၀ ကျပ်မှ ၇၅ ကျပ်သို့လည်းကောင်း တက်ခဲ့ပါကြောင်း၊ ယင်းကာလကတည်းက ၂၅ ကျပ်ကို ၅၀ ကျပ်သို့လည်းကောင်း၊ ၅၀ ကျပ်ကို ၁၀၀ ကျပ်သို့လည်းကောင်း တိုးမြှင့်ရန်ရည်ရွယ်ခဲ့ပါကြောင်း၊ သို့သော် အစိုးရအဖွဲ့အနေဖြင့် ယင်းကဲ့သို့ တစ်ကြိမ်တည်းတွင် ရုတ်တရက်တက်မည့်အစား ၁ နှစ် ၁ ကြိမ် နည်းနည်းချင်း တိုးမြှင့်သွားမည့်စနစ်ကို ကျင့်သုံးစေခဲ့ပါကြောင်း၊ ဤအချက်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ကြီးများ သတိပြုမိလိမ့်မည်ဟု ယူဆပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ဓာတ်အားရောင်းခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကကို ပါဝင်ဆောင်ရွက်ခွင့်ပြုနိုင်ရန် လျှပ်စစ်ဥပဒေကြမ်း၌ ထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာကော်မတီများထံ ညှိနှိုင်းတင်ပြထားပြီးဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်အောင်မြင်နေသည့် နိုင်ငံတိုင်းတွင် ပုဂ္ဂလိကကဏ္ဍကို များစွာခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားခနှုန်းထားတက်သည့်အချက်တစ်ခုတည်းကိုသာ အဓိကမထားဘဲ နိုင်ငံတော်၏ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးတို့ကိုပါ ထည့်သွင်းစဉ်းစားရန်လိုပါကြောင်း။

မြန်မာနိုင်ငံရှိ လက်ရှိအိမ်ထောင်စု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ပါသေးကြောင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ နာဂဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ဘက်ခြမ်း၊ ကချင်ပြည်နယ်မြောက်ဘက်ခြမ်း စသည့်ဒေသများတွင် ဓာတ်အားစနစ် မရောက်သည့်အတွက် ဒီဇယ်စက်နှင့် လျှပ်စစ်ဓာတ်အားပေးနေရပါကြောင်း၊ တစ်ရက်တွင် ၂ နာရီ၊ ၃ နာရီသာ ဒေသရှိ ပြည်သူများ ခံစားနေရပါကြောင်း။

ရခိုင်ပြည်နယ် ဂွမြို့၌ တစ်ယူနစ် ၆၆၀ ကျပ်၊ ရမ်းဗြဲမြို့၌ ၆၀၀ ကျပ်၊ မောင်တောမြို့၌ ၅၀၀ ကျပ်၊ စစ်တွေမြို့၌ ၄၆၀ ကျပ်၊ သံတွဲမြို့၌ ၄၈၀ ကျပ်စသည်ဖြင့် ဓာတ်အားခပေးရပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့၌ ၇၀၀ ကျပ်၊ လောင်းလုံမြို့၌ ၆၅၀ ကျပ်၊ မောင်းမကန်မြို့၌ ၆၀၀ ကျပ်၊ သရက်ချောင်းမြို့၌ ၆၀၀ ကျပ် အသီးသီးပေးရပါကြောင်း၊ ကချင်ပြည်နယ် ဖားကန့်မြို့၌ ၈၀၀ ကျပ်၊ ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ ၁၉၂ ကျပ်၊ မွန်ပြည်နယ် ခေါဇာမြို့၌ ၇၀၀ ကျပ်နှင့် ရေးမြို့၌ ၅၅၀ ကျပ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ၂၀၀ ကျပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ၅၅၀ ကျပ်နှင့် တမူးမြို့၌ ၆၀၀ ကျပ်အထိ ဓာတ်အားခအမြောက်အမြား ပေးနေရသည်။ ယင်းဒေသမှ ပြည်သူများအတွက်လည်း ထည့်သွင်းစဉ်းစား ရန် တာဝန်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်သူလူထုအတွက်လည်း အများနည်းတူ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ် နာဂဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်ခြမ်း၊ ကချင်ပြည်နယ် မြောက်ဘက်ခြမ်းအစရှိသည့် ဓာတ်အားစနစ်မရောက်သေးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းကြီးများနှင့်ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ပေးရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံး ညီတူညီမျှ ဓာတ်အားရစေလိုပါကြောင်း၊ ဓာတ်အားခနှုန်းထား ပြောင်းလဲသတ်မှတ်ရန် စစ်တမ်းကောက်ယူသည့်အခါ ရန်ကုန်မြို့တော်တွင် ၁၀၀ ယူနစ်အောက် သုံးစွဲသူ ၄၆ ရာခိုင်နှုန်းခန့်ရှိပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် ၂၀၁၂ ခုနှစ်မှစ၍ နှစ်လုံးပေါက် လေ့လာကောက်ယူခဲ့ခြင်းဖြစ်ပါကြောင်း။

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော World Economic Forum ၌ ဆွေးနွေးခဲ့သည့်အချက်များအပေါ် ADB က ရေးသားပြုစုသော New Energy Architecture Myanmar စာအုပ်တွင် လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး "ပုဂ္ဂလိကပါဝင်မှုနှင့် အစိုးရမှ ထောက်ပံ့ပေးရမှုအနေဖြင့် မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများတွင် အစိုးရ၏ထောက်ပံ့ပေးနေရမှုများကို တဖြည်းဖြည်းချင်း ဖယ်ရှားသွားသင့်ပါကြောင်း" ဖြင့် အကြံပြုထားပါကြောင်း၊ ဓာတ်အားခနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့် ပတ်သက်၍တင်ပြရလျှင် ထုတ်လုပ်မှုကုန်ကျစရိတ် မကာမိသော်လည်း နိုင်ငံတော်က စိုက်ထုတ်ကုန်ကျငွေ လျော့နည်းစေရန်အတွက် ဓာတ်အားခနှုန်းထားများကို အဆင့်ဆင့် ပြောင်းလဲကောက်ခံခဲ့ပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးရှိ စက်မှုဇုန်ကော်မတီများနှင့်တွေ့ဆုံပြီး ဓာတ်အားခ ပြင်ဆင်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ရာ စက်မှုဇုန်များအနေဖြင့် အများစုမှ ဓာတ်အားခတိုးမြှင့်မှုအပေါ် ထောက်ခံမှုရှိခဲ့ပြီး တောင်းဆိုမှုများအနေဖြင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးနှင့် ဓာတ်အားခပြင်ဆင်ကောက်ခံမှုကို ၂ လ၊ ၃ လ ရွှေ့ကောက်ခံရန် တင်ပြတောင်းဆိုခဲ့သည်ကို တွေ့ရှိရပါကြောင်း။

လျှပ်စစ်ဓာတ်အားခ ပြင်ဆင်ပြောင်းလဲကောက်ခံရေးနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပဲခူး၊ မကွေး၊ ပြည်၊ ပုသိမ်မြို့များနှင့် ရန်ကုန်အတွင်းရှိ မြို့နယ် ၃၆ မြို့နယ်တို့တွင် ဌာနဆိုင်ရာများ၊ စက်မှုဇုန်ကော်မတီဝင်များ၊ စက်ရုံလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ မီးသုံးစွဲသူများကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းစာများ၊ ဂျာနယ်များ၊ ရေဒီယိုများ၊ MRTV၊ SKY Net စသည့် မီဒီယာများတွင်လည်း အများပြည်သူသိရှိအောင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း။

စာမျက်နှာ ၇ သို့

လျှပ်စစ်ဓာတ်အားကဏ္ဍ

စာမျက်နှာ ၆ မှ

ယခုလက်ရှိ ဓာတ်အားခန့်မှန်းထားအခြေအနေများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် ခက်ခဲမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ နှစ်စဉ် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံကြီးများ အချိန်မီတည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှသာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တိုင်းပြည်၏စီးပွားရေးလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ကြောင်း၊ ကိုယ့်အစိုးရလက်ထက် ကိုယ်လုပ်၊ သူ့အစိုးရလက်ထက် သူလုပ်ဆိုလျှင် လျှပ်စစ်ကဏ္ဍသည် ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်ချင်လို့ ရနိုင်သည့်လုပ်ငန်းမဟုတ်သည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေရှည်စီမံချက်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုမိမိတို့ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် စတင်ဆောင်ရွက်သည့် သထုံဓာတ်အားပေးစက်ရုံ ၁၀၆ မဂ္ဂါဝပ်သည် ကမ္ဘာ့ဘဏ်မှ ချေးငွေအတည်ပြုပြီး ဆောင်ရွက်ရမည်ဖြစ်၍ ၂၀၁၄ ခုနှစ်မှသာ စတင်ပြီး ၂၀၁၆ ခုနှစ်မှသာ ဓာတ်အားထုတ်လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့်ပတ်သက်ပြီး မိတ္ထီလာ-တောင်ငူအပိုင်းသည်သာ မိမိတို့လက်ထက်တွင် စတင်သုံးစွဲနိုင်မည်ဖြစ်ပြီး တောင်ငူမှ ရန်ကုန်အထိ ၅၀၀ ကေဗွီဓာတ်အားလိုင်းသည် ၂၀၁၆ ခုနှစ်မှသာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထိုစီမံကိန်းများကို ရေရှည်မျှော်မှန်းပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်ကဏ္ဍတစ်ခုလုံးကို နိုင်ငံတော်အစိုးရက အရင်းအနှီးအားလုံးစိုက်ထုတ်သုံးစွဲခဲ့သည့်နိုင်ငံမှာ မရှိသလောက် အတော်နည်းသွားပြီဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးမှာ ပုဂ္ဂလိကကဏ္ဍကသာ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

သို့ဖြစ်၍ ပြည်သူအများစု မျှမျှတတ ခံစားရရှိနိုင်စေရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားခ နှုန်းထား ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ငွေတန်ဖိုးအရ ယခု တိုးမြှင့်ကောက်ခံသည့် ငွေပမာဏသည် မများလှဘူးဟု ယူဆပါကြောင်း၊ လျှပ်စစ်ကို အလေအလွင့်မရှိအောင် လျှော့သုံးလိုက်လျှင် မပေးနိုင်စရာမရှိပါဘူးဟု ထင်ပါကြောင်း၊ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း မိမိ၏ရှင်းလင်းတင်ပြချက်ကို သဘောပေါက်

ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားရရှိမှုကွာခြားချက်သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကကန့်သတ်ချက်ဖြစ်နေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုကို အဓိကဆွဲဆောင်နိုင်သောအချက်မှာ လျှပ်စစ်ဓာတ်အားဝယ်ရေးစာချုပ်ဖြစ်၊ PPA အဆုံးသတ်ရန် ကြန့်ကြာနေမှုများသည် ရင်းနှီးမြှုပ်နှံမှုများကို လျော့နည်းလာမည်ဖြစ်၍ စိုးရိမ်ဖွယ်ရာဖြစ်။

ကြမည်ဟုယူဆပါကြောင်း၊ စက်မှုဇုန်များမှ စီးပွားရေးလုပ်ငန်းရှင်၏ဆွေးနွေးတင်ပြကြသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်မှကိုယ်စားလှယ်၏ အရေးပေါ် အဆိုတင်သွင်းခဲ့မှုအရ လျှပ်စစ်ဓာတ်အားခတိုးမြှင့်ခြင်းကို ၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အကုန် ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အစသို့ စိစစ်ပြီး ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ EDCF (Economic Development Cooperation Fund) ၏ အတိုးနှုန်းသက်သာသောချေးငွေ အမေရိကန်ဒေါ်လာ သန်း (၁၅၅ ဒသမ ၈၇၄)ရယူပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၏ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် တင်ပြမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် ၂ ဦးတို့က ဆွေးနွေးကြသည်။

အတည်ပြုဆောင်ရွက်

ယင်းဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ချေးငွေရယူဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ အနီးကပ်ဆုံး ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကိုရီးယားနိုင်ငံမှချေးငွေ ဒေါ်လာသန်း ၁၀၀ ဖြင့် ၅၀၀ ကေဗွီ တောင်ငူ-ပဲခူးဓာတ်အားလိုင်း စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကို မိတ္ထီလာမှ ရန်ကုန်အထိ အပိုင်း ၃ ပိုင်းဖြင့် ဆောင်ရွက်ရန်စီစဉ်ထားပါကြောင်း၊ ပထမပိုင်းသည် မိတ္ထီလာမှ တောင်ငူအထိ ၁၄၆ မိုင်၊ ဒုတိယပိုင်းသည် တောင်ငူမှ ပဲခူးအထိ ၁၁၇ မိုင်နှင့် တတိယပိုင်းသည် ပဲခူးမှရန်ကုန်အထိ မိုင် ၅၀ တို့ဖြစ်ပါကြောင်း၊ ယခုချေးမည့်ပမာဏသည် ဓာတ်အားလိုင်း ၃ ပိုင်းစလုံးအတွက် လုံလောက်မှုမရှိပါကြောင်း၊ ပထမပိုင်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့်လည်းကောင်း၊ တတိယပိုင်းကို ဂျပန်နိုင်ငံချေးငွေဖြင့် လည်းကောင်း၊ ဒုတိယပိုင်းကို ကိုရီးယားချေးငွေဖြင့်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် ဝန်အားသုံးစွဲမှုဗဟိုဖြစ်သည့် ရန်ကုန်ဒေသတို့ကိုဆက်သွယ်ပေးမည့် လျှပ်စစ်ဓာတ်အားလိုင်းအသစ်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ဓာတ်အားပို့လွှတ်ခြင်းစနစ်ကို အဆင့်မြှင့်တင်သောစီမံကိန်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအချင်းချင်း ဓာတ်အားကွန်ရက်ချိတ်ဆက်သုံးစွဲခြင်းစနစ်နှင့် ကျင့်သုံးသောအချိန်တွင် ယခုစီမံကိန်းသည် အာဆီယံဒေသတွင်းဓာတ်အားကွန်ရက်၏အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း၊ တည်ငြိမ်ပြည့်ဝသောလျှပ်စစ်ဓာတ်အားကို ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်နှင့် ဓာတ်အားဆုံးရှုံးမှုလျော့ကျရေးအတွက် ယခုစီမံကိန်းကို ဆောင်ရွက်လိုပါသောကြောင့် ချေးငွေရယူလိုခြင်းဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ချေးငွေဆိုင်ရာနှင့်ပတ်သက်၍ အတိုးနှုန်း သုည ဒသမ ၀၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ၁၅ နှစ်၊ ပြန်ဆပ်ကာလ ၂၅ နှစ်၊ ပြန်ဆပ်ရမည့် အစီအစဉ် ၆ လလျှင် တစ်ကြိမ်နှင့် ရက်လွန်ဒဏ်ကြေး ၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ယနေ့ ဆွေးနွေးမှုများနှင့်ပတ်သက်၍ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းက“ချေးငွေကိစ္စဟာ ကျွန်တော်တို့နိုင်ငံတော်အတွက် ရှေ့ဆက်သွားမယ့်ခရီးမှာ ဒါကတော့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လို့ပဲ မြင်ပါတယ်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုတွေအတွက် သေသေချာချာလုပ်လို့ ရှိရင် တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်မယ်လို့မြင်ပါတယ်။ ချေးငွေရယူတဲ့အတွက် တိုင်းပြည်ကိုအထောက်အကူပြုလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍနဲ့ပတ်သက်ပြီးတော့ ၂၀၁၄ ခုနှစ်ကနေစပြီး နိုင်ငံတကာအဆင့်အတန်းတစ်ခုကို ရနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောပြခဲ့သည်။

ထို့ပြင် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာကလည်း “စီမံကိန်းတွေလုပ်တဲ့နေရာမှာ လုပ်ငန်းအမျိုးအစားကိုကြည့်ပြီးတော့ ငွေပမာဏကို အရင်ကြည့်ပါတယ်။ သုံးရမှာများရင် ချေးငွေနဲ့သုံးရတာပေ့ါ။ အခုကိုရီးယားချေးငွေနဲ့ လုပ်မယ်ဆိုတာတွေ့ရပါတယ်။ အတိုးနှုန်းလည်း သက်သာတယ်။ ပြန်ဆပ်ကာလလည်း ရှည်တယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကူညီတဲ့အနေနဲ့ချေးတာပေ့ါ။ ပြန်ဆပ်ရမှာလည်း ဝန်သိပ်မလေးပါဘူး။ အခုချေးငွေကတော့ သင့်မြတ်ပါတယ်။ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား မလုံလောက်သေးတဲ့အတွက် လျှပ်စစ်စီမံကိန်းတွေကတော့ လုပ်နေရဦးမှာပဲ။ ချေးငွေအပြင် ဘတ်ဂျက်နဲ့လည်း လုပ်ရမယ့်ကိစ္စတွေဖြစ်ပြီး နိုင်ငံတော်မှာ လုပ်သင့်တဲ့ဆောင်ရွက်ရမယ့်ကိစ္စတွေပါ။

နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော World Economic Forum ၌ ဆွေးနွေးခဲ့သည့်အချက်များအပေါ် ADB က ရေးသားပြုစုသော New Energy Architecture Myanmar စာအုပ်တွင် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး “ပုဂ္ဂလိကပါဝင်မှုနှင့် အစိုးရမှထောက်ပံ့ပေးရမှု အနေဖြင့် မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများတွင် အစိုးရ၏ထောက်ပံ့ပေးနေရမှုများကို တဖြည်းဖြည်းချင်း ဖယ်ရှားသွားသင့်ပါကြောင်း” ဖြင့် အကြံပြုထား။

ပြောရရင် နိုင်ငံတော်က လုပ်ကို လုပ်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ချေးငွေကလည်း အင်မတန်သက်သာပါတယ်။ ဒါကြောင့် ဒါတွေဟာ နိုင်ငံနဲ့ ပြည်သူတွေအတွက် အင်မတန်ကောင်းမွန်တဲ့ကိစ္စဖြစ်ပါတယ်”ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးကြေညာခြင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ် (Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များအဖြစ်အသုံးပြုရန်အတွက် ဒီဇိုင်းရေးဆွဲပြိုင်ပွဲအား ၂၀၁၁ ခုနှစ်၊ ဇူလိုင် (၇) ရက်မှ စက်တင်ဘာ(၇)ရက်အတွင်း ကျင်းပပြုလုပ်ခဲ့ပြီး ရွေးချယ်ခြင်းခံရသည့် အောက်ဖော်ပြပါ အထိမ်းအမှတ်တံဆိပ်(Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များအား ရေးဆွဲသူ (Designer) များကိုလည်း သတ်မှတ်ဆုကြေးများကို အားကစားဝန်ကြီးဌာနမှ ချီးမြှင့် ပေးအပ်ခဲ့ပြီးဖြစ်ပါသည် -



အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြစ်သည့် (Logo)နှင့်(Mascot)များကို အားကစားဝန်ကြီးဌာန၊ Sports Marketing Committee ၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တခြားမည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲခွင့်၊ ရုပ်သံလွှင့်ခွင့်၊ ဈေးကွက်အရောင်းမြှင့်တင်ခြင်း (Marketing & Promotion)များတွင် ထည့်သွင်းသုံးစွဲခွင့်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကြော်ငြာ Bill Board များတွင် ထည့်သွင်းလျက် မိမိတို့၏ လုပ်ငန်း(သို့မဟုတ်) ကုန်ပစ္စည်းများကို ကြော်ငြာခွင့်များပြုလုပ်ခွင့်မရှိကြောင်း ကြေညာထားရှိပြီးဖြစ်ပါသည်။

အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသော ကုမ္ပဏီများအနေဖြင့်လည်း SEA Games လှုံ့ဆော်ရေးပိုစတာ(Billboard)များအလိုက် စိုက်ထူချိတ်ဆွဲသည့် အရွယ်အစား၏ (၄)ပုံ(၃)ပုံအား Logo, Mascot ပုံများပါဝင်သည့် အားကစားလှုံ့ဆော်ရေးဒီဇိုင်းပုံများကိုသာထည့်သွင်းဖော်ပြကြရန်ဖြစ်ပြီး၊ ကျန်(၄)ပုံ(၁)ပုံကိုသာ ကုမ္ပဏီ၏အမှတ်တံဆိပ်များအား ထည့်သွင်းဖော်ပြကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အားကစားဝန်ကြီးဌာန

ပဲခူးတွင် တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်း

ပဲခူး နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ တန်ဆောင်မုန်းလဆန်း ၉ ရက် (နိုဝင်ဘာ ၁၁ ရက်) နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရာ အခမ်းအနားကို ‘နမောတဿ’သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ဆက်ကပ်လှူဒါန်း

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့်ဇနီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ပြီး ပဲခူးမြို့ မြို့မစာသင်တိုက်ပဓာနနာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဂန္ဓမာထံမှ ကထိန်အနုမောဒနာတရား နာကြားပြီး ဝန်ကြီးချုပ်နှင့် အလှူရှင်များက မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများကို ကထိန်သင်္ကန်းနှင့်ပဒေသာပင် ၃၂ ခု၊ ကာလတန်ဖိုးငွေကျပ် စုစုပေါင်း ၁၂၂၆၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ‘ဗုဒ္ဓသာသနံစိရံတိဋ္ဌတု’ သုံးကြိမ်ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များကို ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **သန့်စင်**

ပြည်တွင်းသတင်း

မြန်မာအလှမယ်မိုးစက်ဝိုင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

ရုရှားနိုင်ငံမော်စကိုမြို့သို့ မယ်စကြဝဠာပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့သူ မြန်မာအလှမယ် မိုးစက်ဝိုင်သည် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်လေဆိပ်သို့ ပြန်လည်ဆိုက်ရောက်လာခဲ့ရာ ၎င်း၏ ပရိသတ်များနှင့် မိတ်ဆွေသင်္ဂဟများ လာရောက်ကြိုဆိုခဲ့ကြသည်။ (ဝဲပုံ)

မိုးစက်ဝိုင်က မော်စကိုသင်တန်းသားများ၏ အလှူငွေကျပ် ၅၂ သိန်းကို ကချင်စစ်ဘေးသင့်ဒုက္ခသည်များအတွက် တေးသံရှင် အယ်လ်ခွန်းရီထံပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယင်းအခမ်းအနားတွင် MAI နှင့် တွဲဖက်၍ တေးသီချင်းများ သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကြည့်ရှုနိုင်ရေး ကြိုတင်လက်မှတ်များဝယ်ယူနိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီတွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိ ... Online ... SEA Games Official Website ... www.27 seagames 2013 .com ... TICKETING ...

(၂) ဗိုလ်ချုပ်ဈေးရှေ့ မိုးယံထီဆိုင်။

(ဂ) **မန္တလေး**

- ၈၄ လမ်း၊ ၃၁× ၃၂ ကြား မိုးယံထီဆိုင်

ရောင်းချမည့်လက်မှတ်ဈေးနှုန်းမှာ ဖွင့်ပွဲ သို့မဟုတ် ပိတ်ပွဲအခမ်းအနား တစ်ခုအတွက် နိုင်ငံခြားသားအထူးတန်း အမေရိကန်ဒေါ်လာ ၅၀၊ ရိုးရိုးတန်း ...

နိုင်ငံတော်တွင် သဘာဝဘေးဒဏ်များဖြစ်ပေါ်လာလျှင် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရန်တာဝန်ရှိ သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းခြင်းမပြုဘဲ အမြန်ဆုံးသွားရောက်ကူညီရမည်

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်သူ၏အကျိုးစီးပွား အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်၏သယံဇာတနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိုပါ ကာကွယ်မည်ဆို ...

ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံ ... ဆက်အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများပေးအပ်ခဲ့သည်။ ယင်းနောက် တပ်မတော်က ... ၃ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။ ကယားပြည်နယ်အတွင်း တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များအနေဖြင့် အခြေ ... ဆောင်ရွက်ပေးခြင်းမှာ ယခုအကြိမ်သည် တတိယအကြိမ်မြောက် ဆေးကုသပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

စဉ့်ကူးမြို့နယ် ကျွန်းဦးရွာနှင့် ရွာသာကျေးရွာတို့တွင် ရေတိုက်စားကမ်းပါးပြိုမှုတို့ကြောင့် ရွာပြောင်းရွှေ့ရေးတဖြည်းဖြည်းနီးကပ်လာ

စဉ့်ကူး နိုဝင်ဘာ ၁၂

မြစ်နှင့် ...

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့
(နိုဝင်ဘာလ ၁၄ ရက်၊ ၂၀၁၃ ခုနှစ်)
ဆီးချိုသွေးချိုကာကွယ်ဖို့၊ လူငယ်များကို ပညာပေးစို့
Diabetes:Protect our future

တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရတည်ထားခဲ့သည့် ဖလမ်းမြို့ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်

ဖလမ်း နိုဝင်ဘာ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်၌ တည်ထားကိုးကွယ်သော ရန်ပြေမာန်ပြေနိုင်ငံအေးအောင်တော်မူဓာတ်ပေါင်းစု ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက ၁၉၉၃ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

၂၀၀၉ ခုနှစ်တွင် စေတီတော်၏ အရှေ့မြောက်ထောင့် ရင်ပြင်တော်မြေသားကျွံကျခဲ့ရာမှ ယခုအခါ ...

... သိရှိရပြီး လက်ရှိတွင် စေတီတော်ပြန်လည်ပြုပြင်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ ... ရရှိထားကြောင်း၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓ ... တော် ဖုန်း ၀၇၀-၄၀၀၄၃ နှင့် ၀၉-၂၁၀၀၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း **(သတင်းစဉ်)**

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့မြဲဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ဒီဇင်ဘာ ၁ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမတွင် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ နိုဝင်ဘာ ၂၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ...

မြန်မာနိုင်ငံစာရေးဆရာအသင်း

ပြည်တွင်းသတင်း

တိုးဂိတ်ရှောင်ကားကြီးများကြောင့် ကျေးရွာချင်းဆက်ကတ္တရာလမ်းပျက်စီး

စဉ့်ကိုင် နိုဝင်ဘာ ၁၂

စဉ့်ကိုင်မြို့အဝင်ရှိ သော်တာဝင်းကုမ္ပဏီတိုးဂိတ် **(အပေါ်ပုံ)**ကို ရှောင်ကွင်းနိုင်ရန်အတွက် တန်ပိုတင်ဆောင်လာသောကားအများစုနှင့် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသောကားအချို့တို့မှာ တိုးဂိတ်မရောက်မီ ညောင်ပင်ကြီးရွာအနီးရှိ ကျေးရွာချင်းဆက်ကတ္တရာလမ်းကို အသုံးပြုမောင်းနှင်ကြသည်ဟု သိရသည်။

၎င်းကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်းမှာ မန္တလေးကွန်ပျူတာတက္ကသိုလ်(တအုံကျေးရွာ) သို့လည်းကောင်း၊ မက္ခရာရှေးဟောင်းနယ်မြေသို့လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်မှ ကျောက်ဆည်တက္ကသိုလ်(တောမ) သို့လည်းကောင်း ဆက်သွယ်ပေးထားသော အရေးပါသည့်လမ်းဖြစ်သည်။

၎င်းလမ်းကိုအသုံးပြုခြင်းဖြင့် တိုးဂိတ်မြောက်ဘက် ညောင်ပင်ကြီးကျေးရွာအနီးရှိ ရန်ကုန်-မန္တလေး ကားလမ်းမှ တအုံကျေးရွာ၊ ထန်းသုံးပင်ကျေးရွာ၊ သပြေရိုးကျေးရွာ၊ ဧည့်ပြကျေးရွာ၊ မက္ခရာကျေးရွာ၊ ကျွန်းဦးရွာ၊ မုန့်ပေါင်းရွာမှ စဉ့်ကိုင်မြို့အနီး အုန်းပင်ခြံသို့ တက်ရောက်နိုင်သည်။ ထိုမှတစ်ဆင့် စံပြကျေးရွာနှင့် ချောင်းပတ်ကျေးရွာများကိုဖြတ်သန်းပြီး ကျောက်ဆည်တက္ကသိုလ်(တောမ)နှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။

ယခုအခါ အဆိုပါကျေးရွာချင်းဆက်လမ်းမှာ တန်ပိုတင်ကားကြီးများနှင့် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်ထားသော ကားအချို့တို့၏ တိုးဂိတ်ရှောင်ကွင်း မောင်းနှင်မှုကြောင့် မိုးတွင်းအခါ အသုံးပြု၍မရလောက်အောင် လုံးဝပျက်စီးသွားကြောင်း သိရသည်။ အထူးသဖြင့် သပြေရိုးကျေးရွာနှင့် အုန်းပင်ခြံကျေးရွာကြားရှိ လမ်းတစ်လျှောက်မှာ ကတ္တရာနှင့် ကျောက်ခဲများလုံးဝမရှိတော့ဘဲ မိုးတွင်းအခါ စက်ဘီး၊ ဆိုင်ကယ်များ သွားလာ၍မရအောင် ပျက်စီးနေကြောင်း သိရသည်။

သက်ဆိုင်ရာကျေးရွာများက မြို့နယ်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း မည်သည့်အရေးယူဆောင်ရွက်မှုမျှမရရှိခဲ့ကြောင်း၊ နောက်ဆုံး ဧည့်ပြကျေးရွာမှ ဘုန်းတော်ကြီးတစ်ပါးက ဦးဆောင်၍ မောင်းတံတစ်ခုပြုလုပ်ကာ ဖြတ်သန်းလာသော ကားကြီးများကို လမ်းအသုံးပြုခကောက်ခံပြီး ရရှိလာသောငွေဖြင့် ပျက်စီးသွားသောနေရာများတွင် မြေကျောက်များဖို့၍ ဖြစ်သလိုအသုံးပြုနေရကြောင်း သိရသည်။ မူလက ကျေးလက်ဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်နှစ်ခုကို ဆက်သွယ်ပေးထားသော ကျေးရွာချင်းဆက်ကတ္တရာလမ်းမှာ သပြေရိုးကျေးရွာနှင့် အုန်းပင်ခြံကျေးရွာကြားတွင် လုံးဝပျက်စီးသွားပြီး မြေကျောက်များဖို့၍ အသုံးပြုနေရကြောင်း သိရသည်။

အောင်မင်း(စဉ့်ကိုင်)

ဆေးစိမ်ခြင်ထောင်နှင့် စာရေးကိရိယာများပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပေးအပ်လှူဒါန်းထားသော ဆေးစိမ်ခြင်ထောင် အလုံး ၁၀၀ ကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ကျေးရွာ ၁၁ ရွာမှ ပြည်သူများသို့ ပေးအပ်ခြင်း **(အောက်ပုံ)**၊ ကိုယ်ဝန်ဆောင်မိခင် ၂၀ ကို ဆေးဝါးနှင့် အာဟာရပစ္စည်းများပေးအပ်လှူဒါန်းခြင်းနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက်က အလတ်ချောင်း အမက(၁၅)၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ကိုကြီးတင်

ယာဉ်နှစ်စီးတိုက်မိပြီး နှစ်စီးစလုံးတိမ်းမှောက်

ကွတ်ခိုင် နိုဝင်ဘာ ၁၂

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယာဉ်နှစ်စီးကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိုက်မိပြီး ယာဉ်နှစ်စီးစလုံး တိမ်းမှောက်ကာ လူတစ်ဦးသေဆုံးသည့် မှုခင်းတစ်ရပ်ဖြစ်ပွားခဲ့သည်။

တိမ်းမှောက်

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၀ ရက် ညသန်းခေါင်အချိန်တွင် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ၏ မြောက်ဘက်ခြောက်မိုင်ခန့်အကွာ လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှေ့မှ ဆန်အိတ်များတင်ဆောင်ပြီး ယာဉ်မောင်း ဇော်ထိုက်မောင်းနှင်လာသော ၁၂ ဘီးကုန်တင်ယာဉ်အမှတ် ၆က/. . . ယာဉ်ကို နောက်မှ ဆန်အိတ်များတင်ဆောင်လာသော ယာဉ်မောင်း သန်းတိုးအောင် မောင်းနှင်လာသည့် ၂၂ ဘီး ကုန်တင်ယာဉ်အမှတ် ၅ဃ/. . . ကားက ကုန်းအဆင်းကွေ့တွင် ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ရှေ့ယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိကာ ယာဉ်နှစ်စီးစလုံး တိမ်းမှောက်သွားခဲ့သည်။ **(ဝဲပုံ)**

ဖြစ်စဉ်တွင် နောက်ကား၏ ယာဉ်မောင်း သန်းတိုးအောင် (၃၀နှစ်) ပျော်ဘွယ်မြို့နယ် ညောင်နွယ်ရွာနေသူမှာ ၎င်းမောင်းနှင်သော ဘေးစောင်းတိမ်းမှောက်သွားခဲ့သည့် ယာဉ်၏နောက်တွဲအောက်တွင်ပိကာ နေရာတွင်ပင်သေဆုံးသွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ နမ့်ဖတ်ကာရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေမျိုးနွယ်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

တောင်ငူမြို့နေ
ဦးမျိုးမြင့်-ဒေါ်ခင်ဝင်းတို့၏သားထွေး

မောင်ဟိန်းစည်သူမျိုး

Project Engineer (Cummins Power Generation (s) Pre. Ltd. Singapore)
M.Sc (Mechatronics) National University of Singapore
M.E (Electronics), B.E(Electronics)

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူ(ကျော်ကြားစိန်ရတနာ) တို့၏သမီးဦး

မယဉ်မွန်မွန်သိန်း(ခ)မယဉ်လင်းခိုင်

B.B.A(Yangon Institute of Economics)
D.A(L.C.C.I, UK), D.G.I (Yangon University)

တို့၏ ၁၀-၁၁-၂၀၁၃ ရက် Sedona Hotel (Grand Ball room) ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီးဒေါ်လင်းလင်းတင်၊ မင်္ဂလာအောင်လက်စွပ်များ ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်မြဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဒုတိယသမ္မတဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ဇနီး ဒေါ်ဝေဝေခိုင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းအေး၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဦးခင်ကြူး၏ဇနီးဒေါ်မာမာလှ၊ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့၊ စစ်တက္ကသိုလ်အမှတ်စဉ် ၁၆ မှ သူငယ်ချင်းများနှင့်ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်နှင့်ဇနီး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့်ဇနီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်နှင့်ဇနီး၊ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့်ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့်ဇနီး၊ အမျိုးသားလွှတ်တော်အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှုရေးရာကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်ဦးသန်းဌေးနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော မခရေဖူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မအိရွှေဇင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မသင်းရနံ့လှိုင်၊ သတို့သားအရံမောင်သော်ဦးသော်နှင့်မောင်နေဝင်းထွန်း၊ သတို့သမီးအရံ မသဇင်ထင်ကျော်နှင့် မခင်သန္တာ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့်နိုင်ငံကျော်တေးသံရှင်များ၊ Video နှင့် ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့သားများ၊ Pre Wedding Photo ရိုက်ကူးပေးပါသော Forever Photo Studio၊ မိတ်ကပ်နှင့်ဆံပင်လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဦးကျော်စိုး(Eternity) Y.M.C.A၊ ပန်းအလှပြင် မစန်းစန်းဦး၊ လက်ဝတ်ရတနာများကိုမေတ္တာဖြင့်ဆင်မြန်းပေးပါသော Treasure Point Jewellery နှင့် မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဟိန်းစည်သူမျိုး-မယဉ်မွန်မွန်သိန်း(ခ)မယဉ်လင်းခိုင်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရေးမြို့နေ
ဦးသောင်းထိုက်-ဒေါ်ခင်နှောင်းမူတို့၏သားရတနာ

ဗိုလ်ကြီးသန်းထိုက်အောင်

B.E(Mechanical), D.S.T.A

နှင့်

မော်လမြိုင်မြို့နေ
ဗိုလ်မှူးကြီးဌေးမြင့်အောင်(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့)-
ဒေါ်မြင့်မြင့်လွင် တို့၏သမီးရတနာ

မသီရိမြင့်အောင်

B.A(Geography), CB Bank(Mawlamyine)

တို့၏ ၈-၁၁-၂၀၁၃ရက်တွင် မော်လမြိုင်မြို့၊ Strand Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်ပေးပါသော မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် ဦးစိန်တိုးတို့အားလည်းကောင်း၊ ဝန်ကြီးအိမ်ရာတွင်ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၀-၁၁-၂၀၁၃ရက်တွင် မော်လမြိုင်မြို့ Strand Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် မင်္ဂလာဆောင်နှင်းပေးပါသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် ဇနီးဒေါ်ကြည်ကြည်ထွန်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင် နှင့်ဇနီးဒေါ်သန္တာ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့်ဇနီး ဒေါ်ခင်လေးသိင်္ဂါ၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော လူမှုရေးဝန်ကြီးဒေါက်တာလှဦးနှင့်ဇနီးဒေါ်အုန်းသန်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးအုန်းမြင့်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဇော်မင်းတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့်ဇနီးများ၊ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်သီတာအောင်မြင့်၊ မင်္ဂလာသြဘာဘွဲ့ချီးမြှင့်ပေးပါသော ဦးလှဝင်း(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ မင်္ဂလာအခမ်းအနားစီစဉ်ပေးပါသော ဒေါ်မြသန်း၊ မင်္ဂလာတေးသံသာများသီဆိုတီးခတ်ပေးပါသော မနှင်းဝတ်ရည်ခင်နှင့် စောင်း ဦးခင်မောင်စန်းနှင့်အဖွဲ့၊ မင်္ဂလာသတို့သားအရံအဖြစ် ဗိုလ်ကြီးထွဋ်ဦးခိုင်နှင့် ဗိုလ်ကြီးကျော်သူဟန်၊ မင်္ဂလာသတို့သမီးအရံအဖြစ် မစုရည်မွန်အောင်နှင့်မမေနန္ဒာလွင်၊ မင်္ဂလာပန်းကြဲပေးသော မလရောင်သွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ကိုင်ဆောင်ပေးပါသော မလှယဉ်ကျေး၊ မင်္ဂလာလက်စွပ်နှင့်ဆွဲကြိုးကိုင်ဆောင်ပေးပါသော မစုလှဲ့လှဲ့နှင်း၊ မိတ်ကပ်၊ ဆံပင်၊ မင်္ဂလာဝတ်စုံ၊ မင်္ဂလာလက်ဝတ်ရတနာနှင့် ပန်းအလှပြင်ဆင်ပေးပါသော အလှဖန်တီးရှင် မိတ်ကပ်အောင်မိုးလွင်(သင်းမြတ်စိုးလှစံအိမ်)၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော IRISအဖွဲ့၊ မင်္ဂလာခန်းမနှင့်ညစာစားပွဲ တည်ခင်းဧည့်ခံပေးသော Strand Hotel မန်နေဂျာနှင့် ဝန်ထမ်းများ၊ လိုအပ်သည်များအားလုံးကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန်းထိုက်အောင်-မသီရိမြင့်အောင်

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ပညာရွှေစင် မြန်မာအလုပ်သမား စာသင်ကျောင်းတွင် မြန်မာအလုပ်သမားများနှင့်တွေ့ဆုံ

မဟာချိုင် နိုဝင်ဘာ ၁၂

နိုဝင်ဘာ ၁၀ ရက် ထိုင်းနိုင်ငံစံတော်ချိန် မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် သံအရာရှိများသည် မဟာချိုင်မြို့ ဘန်ပါရပ်ကွက်တွင်ရှိသော ဝပ်ပါချိုင်လန်စီ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ပညာရွှေစင် မြန်မာအလုပ်သမားစာသင်ကျောင်းတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံခဲ့ပြီး **(အောက်ပုံ)** အလှူငွေများ ပေးအပ်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ Myanmar Association in Thailand မှ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT ၏ဖိတ်ကြားချက်အရ မြန်မာသံအဖွဲ့တို့က လာရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး သံအမတ်ကြီးက ပညာရွှေစင်စာသင်ကျောင်းရန်ပုံငွေအတွက် ထိုင်းနိုင်ငံသုံး ဘတ်ငွေနှစ်သောင်းနှင့် MAT အဖွဲ့ကိုလည်း ဘတ်ငွေနှစ်သောင်း လှူဒါန်းသည့်အပြင် ကျောင်းထိုင် ထိုင်းဆရာတော် ဒေါက်တာမဟာမာန်ကိုလည်း ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

မြန်မာ အလုပ်သမားများအား မြန်မာသံအမတ်ကြီးက နှုတ်ဆက်စကားပြောကြားရာတွင် ပြည်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟူသမျှ တရားဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ စောင့်ရှောက်ရမည့်တာဝန်မှာ မြန်မာသံရုံး၏ တာဝန်ပင်ဖြစ်ကြောင်း၊ သုံးသန်းထက်မနည်း ရှိနေသည့် ရွှေ့ပြောင်းအလုပ်သမားအရေးအတွက် နိစ္စဓူဝ ပြဿနာအားလုံးတို့ကို ရှင်းပေးနိုင်မည် မဟုတ်သော်လည်း လိုအပ်သည့် ကိစ္စရပ်များအား အချက်အလက်အပြည့်အစုံဖြင့် တင်ပြပါက ထိုင်းပြည်ထဲရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ကို အလျင်အမြန် အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြောင်း သိရသည်။

ဥပဒေလိုက်နာ

"ထိုင်းမှာနေတဲ့အခါမှာ ကိုယ့်နိုင်ငံသားအချင်းချင်း သည်းခံစိတ်နဲ့ ပေါင်းသင်းဆက်ဆံကြရမှာဖြစ်သလို ထိုင်းနိုင်ငံက ပြဋ္ဌာန်းထားတဲ့ဥပဒေတွေကိုလည်း လိုက်နာကြရမယ်။

"ငွေစုကြ၊ ပညာရှာကြ၊ မိမိရည်မှန်းထားသလောက် စုမိတာနဲ့ မိမိတိုင်းပြည်ကို ပြန်ကြပါ။ မြန်မာနိုင်ငံမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ထုတ်နေပြီဖြစ်တာကြောင့် မကြာခင် ကိုယ့်တိုင်းပြည်ကို ပြန်ပြီး အလုပ်လုပ်နိုင်ကြတော့မှာ ဖြစ်တယ်။ ၂၀၁၅ ခုနှစ်မှာ လက်ရှိဝင်ငွေထက် သုံးဆတိုးအောင် နိုင်ငံတော်အစိုးရ အနေနဲ့ စီစဉ်ဆောင်ရွက်နေတယ်" ဟု ရာချီရှိသည့် မြန်မာအလုပ်သမားများအား ပြောကြားသွားခဲ့သည်။

ထို့နောက် မဟာချိုင်မြန်မာ အလုပ်သမားများက မေးမြန်းခဲ့ကြသည့် ပတ်စပို့ရှိလျက်နှင့် ထိုင်းရဲဖမ်းဆီးခြင်းကိစ္စ၊ မဲဆောက်မြို့သို့သွားလျှင် ဂိတ်များတွင်ပိုက်ဆံပေးရခြင်းကိစ္စနှင့် လုံခြုံမှုမရှိသည့်ကိစ္စရပ်များအပြင် မြန်မာအလုပ်သမားများ၏ ကလေးငယ်များအတွက် ထိုင်းနိုင်ငံအစိုးရက တရားဝင်နေထိုင်ခွင့်ဗီဇာ မလုပ်ပေးသည့်ကိစ္စရပ်များကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက ရှင်းလင်းပြောကြားခဲ့ကြောင်းလည်း သိရသည်။

"ရဲဖမ်းတာတို့၊ မတရားအနိုင်ကျင့်ခံရတာတို့ရှိရင် အချက်အလက်အပြည့်အစုံ၊ မှတ်တမ်းမှတ်ရာတွေနဲ့ အလုပ်သမားသံအရာရှိ ဦးကျော်ကျော်လွင်နဲ့ တတိယအတွင်းဝန် ဦးထွန်းအေးတို့ဆီကို အကူအညီတောင်းကြပါ။ MAT က ကိုကျော်သောင်းတို့ ကူညီစောင့်ရှောက်ကော်မတီဆီကို ပို့ပါ။ အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်" ဟု အလေးအနက် ပြောကြားသွားခဲ့သဖြင့် အလုပ်သမားများ အထူးဝမ်းမြောက်ကျေနပ်ကြကြောင်းလည်း သိရသည်။

MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်လူကြီးတွေ သာမန်အလုပ်သမားတွေနဲ့ အခုလို နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံလာတာဟာ တကယ့် အပြောင်းအလဲကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့လို လူထုအခြေပြုအဖွဲ့အစည်းတွေ၊ အင်န်ဂျီအိုတွေကို သံရုံးထဲကို ဖိတ်ကြားပြီး ကော်မတီဖွဲ့တာတွေ၊ အမှုအခင်းတွေအတွက် ထိုင်းအစိုးရကို တင်ပြဖို့လိုအပ်တဲ့ သံရုံးစာရွက်စာတမ်းတွေကို အလျင်အမြန် ထုတ်ပေးတာတွေဟာ အထူးလေးစားဖို့ ကောင်းပါတယ်။ စနစ်တကျဖြစ်ဖို့အတွက်တော့ အလုပ်သမားအရေး အတွေ့အကြုံရှိတဲ့သူတွေ၊ မြန်မာအလုပ်သမားအရေးကို နှစ်ပေါင်းများစွာ လုပ်လာခဲ့ကြတဲ့ ထိုင်းရှေ့နေကြီးတွေ၊ လူ့အခွင့်အရေးလှုပ်ရှားသူတွေနဲ့ စကားစမြည်ပြောပြီး သူတို့တွေဆီက အကြံပြုချက်တွေကို ရယူစေချင်တယ်" ဟု အကြံပြုပြောဆိုခဲ့သည်။

ပညာရွှေစင် စာသင်ကျောင်းမှ ဥက္ကဋ္ဌက "ကျွန်တော်တို့ကျောင်းဖွင့်စတုန်းက မြန်မာအလုပ်သမားသံအရာရှိ ဦးကျော်ကျော်လွင်က အစစအရာရာ ကူညီပေးခဲ့ပါတယ်။ ကျွန်တော်တို့ကျောင်း ဆက်လက်ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက တတ်နိုင်သလောက် အကူအညီပေးစေချင်ပါတယ်။ ကျွန်တော်တို့ကျောင်းက ဆရာတွေဟာ ကျောင်းသားမိဘတွေရဲ့ အထောက်အပံ့ အနည်းငယ်နဲ့ မလောက်မင ရပ်တည်နေကြရတာဖြစ်ပါတယ်"ဟု တင်ပြပြောဆိုသွားခဲ့သည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသခြင်းအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်ဆေးရုံကြီး သူနာပြုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ထွေးက ခွဲစိတ်ကုသမှုအတွက် ဆေးဝါးတန်ဖိုး အလှူငွေကို မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးသူဇာထံ ပေးအပ်စဉ်။ မီးမီး(လှိုင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ရန် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(၁)	မြေလမ်း	(၆၄/၀)	မိုင်
(၂)	လမ်းတာချဲ့ခြင်း	(၇၄/၀)	မိုင်
(၃)	ဂျစ်ကားလမ်း	(၇/၀)	မိုင်
(၄)	ဆိုင်ကယ်လမ်း	(၇၅/၀)	မိုင်
(၅)	ဘေလီတံတား	(၁၉)	စင်း
(၆)	ကားကူးကြိုးတံတား	(၇)	စင်း
(၇)	လူကူးကြိုးတံတား	(၂၇)	စင်း
(၈)	ကားကူးသစ်သားတံတား	(၄)	စင်း
(၉)	သောက်သုံးရေသွယ်	(၁)	ရွာ
(၁၀)	ဘက်စုံမွေးမြူရေးခြံ	(၁)	ရွာ
(၁၁)	ရေသွယ်မြောင်းဖောက်	(၈)	ရွာ
(၁၂)	ရေအားလျှပ်စစ်	(၇)	ရွာ
(၁၃)	နေရောင်ခြည်စွမ်းအင်	(၁၃)	ရွာ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၁၁-၂၀၁၃ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၃-၁၂-၂၀၁၃ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်၊ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ အမှတ်(၁)ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၉-၂၄၅၀၃၈၅၊ ၀၉-၆၅၀၀၁၄၅၊ ၀၉-၄၀၀၃၀၃၂၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လွင်အောင် ၉/တသန(နိုင်)၁၁၂၄၀၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၆၃၇၀၀ အား တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၀၀၇၂၂၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ဌ၊ ဖော့ကန်ရပ်ကွက်(ယခုအခေါ်)၊ ဝါဦး(၂)လမ်းရှိ အမှတ်(၂၉-က)၊ အလျား×အနံ(၂၆ပေ×၉၀ပေ)၊ ဧရိယာ ၀ဒသမ၀၈၈ဧက တစ်ထပ်တိုက်အပါအဝင်(ဆက်စပ်လျက်ရှိသောပစ္စည်း)ကို ဦးတင်အောင်(ဘ)ဦးသန်းလွင် ၁၂/အစန(နိုင်)၀၉၅၅၆၂မှ ဝယ်ယူပိုင်ဆိုင်ပါသည်ဟုပြောဆိုပြီး ဦးတင်အောင်မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မြွက်ဟဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်နှင့်မြေအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြမြအေး BA (Law), LL.B (စဉ်-၂၄၇၂)၊ တရားလွှတ်တော်ရှေ့နေ

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်



ဖခင်အမည်မှန်

ဥတ္တရသီရိမြို့ CAE ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မောင်မင်းမော်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမိုး ၉/တကန(နိုင်)၁၁၄၆၃၇ဖြစ်ပါကြောင်း။

ဦးဝင်းမိုး ၉/တကန(နိုင်)၁၁၄၆၃၇

Probox Taxi ငှားရန် အလိုရှိသည်

(1.3) (7F) တစ်လက်ကိုင် စပေါ် ၂၀၀၀၀ဝိ/ တစ်နေ့ ၁၀၀၀၀ဝိ/ (နေ့မောင်း) နံနက် ၆၊ ည ၈။

ဖုန်း-၀၉-၄၂၀၂၈၀၅၃၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ဇင်ဝင်း ၉/ကပတ(နိုင်)၁၉၄၅၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)အား တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောအာကာမိုး ၁၂/တတန(နိုင်)၁၁၂၆၇၀ ကိုင်ဆောင်သူ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၅၈၄၈၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၁၂၂၂၊ မြေအကျယ်အဝန်း ပေ ၄၀×၆၀ ရှိ ဦးလှထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ဝယ် ပိုင်ဆိုင်သူ ဒေါ်ဝင်းဝါဝါ ၁၂/ဥကဖ(နိုင်)၁၆၄၈၀၅ ထံမှ ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသောသူများ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်စာချုပ်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဦး ၁၂/လကန(နိုင်)၀၀၄၀၄၈

ဖုန်း-၇၃၀၃၆၆၀၂

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဈေးကွက်သတင်း

ရောင်းသူပေါပြီး ဝယ်သူရှားပါးနေသည့် မန်းကျောက်ဈေးကွက်

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး ကျောက်ဈေးကွက်တွင် အဓိကဝယ်လက်ဖြစ်သည့် တရုတ်ကုန်သည်များ လာရောက်ဝယ်ယူမှု နည်းပါးခြင်းကြောင့် ဈေးကွက်တွင်း အရောင်းအဝယ် အေးစက်လျက်ရှိကြောင်း မဟာအောင်မြေကျောက်ဝိုင်းမှ သိရသည်။

"တရုတ်ကုန်သည်တွေက သူတို့နိုင်ငံမှာ ဒီလုပ်ငန်းကို အခွန်တိုးကောက်တဲ့အတွက် မန္တလေးကို ဆင်းမဝယ်ကြတော့ဘူးလို့သိရတယ်။ သူတို့ အဝယ်နည်းသွားတဲ့အတွက် မန္တလေးဈေးကွက်မှာလည်း ရောင်းတဲ့သူပဲရှိပြီးတော့ ဝယ်သူရှားပါးလာတယ်" ဟု ကျောက်ဝယ်ရောင်း လုပ်ကိုင်သူ ကိုကျော်သီဟက ပြောသည်။ ထို့ပြင် ပုံမှန်အရောင်းအဝယ် သွက်နေသည့် အသားကျောက်၊ အရည်ကျောက်များနှင့် လွှာချပ်များမှာလည်း ဈေးကောင်းမရတော့ဘဲ အပွင့်လိုင်းတစ်မျိုးတည်းသာ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းက ဆိုသည်။

ဈေးကွက်သို့ ဖားကန့်မှ ကျောက်များ ရောက်ရှိမှုနည်းပါးခြင်းနှင့် ကျောက်ကောင်းရှားပါးခြင်းများ ရှိနေကြောင်း၊ ထို့ပြင် ရောက်ရှိလာသော အရည်အသွေး ကောင်းမွန်သည့် ကျောက်များကိုလည်း တရုတ်ကုန်သည်များက ဈေးအဆမတန်နှိမ်၍ ဝယ်ယူနေခြင်းတို့ကြောင့် အရောင်းအဝယ်မဖြစ်တော့ကြောင်း ကျောက်ပွဲစားတစ်ဦးဖြစ်သူ ကိုလှမြင့်သိန်းက ပြောသည်။ "ကျောက်ကောင်းရှားပါးနေတဲ့ အချိန်မှာ ဈေးနှိမ်ပြီးဝယ်တဲ့အတွက် အရောင်းအဝယ်မဖြစ်ဘူး။ ဝယ်ရောင်းသမားတွေသာမက ဒီလုပ်ငန်းကိုမှီခိုပြီး ရပ်တည်နေတဲ့သူတွေအကုန်လုံး စိတ်ပျက်နေကြပြီ"ဟု ၎င်းကဆိုသည်။

ပြည်တွင်းမှ ထွက်ရှိသော ကျောက်များကို အများဆုံးဝယ်ယူနေသည့် တရုတ်နိုင်ငံမှ ကျောက်ကုန်သည်များ၏ အခွန်နှုန်းထားများကို ပြန်လည် လျှော့ချပေးမည်ဆိုပါက ကျောက်ဈေးကွက်လည်း ပုံမှန်ကောင်းမွန်လာနိုင်ကြောင်း ကိုကျော်သီဟက အကြံပြုသုံးသပ်ပြောကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ယာခင်းစိုက်ကုလားပဲရွက်များ ဈေးကောင်းရ

မြိုင် နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်သည် နှစ်တိုင်းနှင့်မတူ အောက်တိုဘာလအတွင်းက မိုးများ မကြာခဏရွာသွန်းမှုကြောင့် ကျေးလက်နေ တောင်သူများ၏ ယာခင်း ကုလားပဲစိုက်မြေများကို ဆောလျင်စွာ စိုက်ပျိုးနိုင်ပြီး မိုးနှင်းများ ကျကာ ရေဓာတ်အားကောင်းသဖြင့် ကုလားပဲပင်များ အောင်မြင်ဖြစ်ထွန်းကာ အပင်ကိုင်းများပွားစေရန်အတွက် ခေါင်နှိမ်ပေးခြင်းနှင့် ဘေးထွက်ကိုင်းများခူးပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ကြရသည်။

ဈေးကောင်းရ

ထို့နောက် ခူးပြီးသောယာခင်းစိုက်ကုလားပဲရွက်များကို မြိုင်မြို့မဈေးသို့ လာရောက်ရောင်းချကြရာ ကုလားပဲရွက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးဖြင့် ရောင်းချရကြောင်း သိရသည်။ ယင်းကဲ့သို့ ကုလားပဲရွက်များ ဈေးကောင်းရသဖြင့် တောင်သူဦးကြီးများနှင့် လယ်လုပ်သူများ မိသားစုများ ဝင်ငွေတိုးပွားစေကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

တွန်းဇံ၌ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးရေးသင်တန်းဖွင့်

တွန်းဇံ နိုဝင်ဘာ ၁၂

ချင်းပြည်နယ် တွန်းဇံမြို့၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဆင့်ပွားသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ နိုဝင်ဘာ ၄ ရက်ကကျင်းပရာ မြို့နယ်သမဝါယမဦးစီးမှူး ဦးတွဲရ်ဒိုပေါင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအနက် သမဝါယမဦးစီးဌာနက စာရင်းများ မှန်ကန်တိကျစွာရေးသွင်းနိုင်ရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သျှင်နေမင်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၇၇၅၀၀-၆၃၇၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၇၆၀၀၀-၆၃၆၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၆	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅-၁၃၁၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၉-၃၁.၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၂၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၉၀၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၆၃
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၇၅-၁၀၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၀၀-၆၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၃၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၁၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပုလဲရတုမင်္ဂလာတောင်းဆုမွန်

ချစ်သောမေကြီးနှင့် ဖေကြီးတို့၏ ပုလဲရတုမင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီးတို့နှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဘဝကို ဆက်လက်လျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းလျက်-

နေမျိုးထိုက်-ခိုင်ဆုဝေ

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်စိန်ဝင်း ၉/နထက(နိုင်)၁၁၉၃၅၁၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၁၁၄၅၁

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်နိုင်ဝင်း ၉/နထက(နိုင်)၁၁၉၂၉၀၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၁၁၄၅၁

ပျောက်ဆုံး

ကျွန်တော် အောင်ဆန်းလင်း ၉/မခန(နိုင်)၁၇၁၇၁၇၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၀၁၁၄၅၁

၂၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာကြက်တောင်အားကစားသမားများ အောင်မြင်ရေးအစွမ်းကုန်ယှဉ်ပြိုင်မည်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်အနေဖြင့် မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်ခုသော အတိုင်းအတာအထိ အောင်မြင်မှုရနိုင်ရန် အစွမ်းကုန်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဦးရော်ဘင်တင်က ပြောသည်။

"ကျွန်တော်တို့ မြန်မာကြက်တောင်အားကစားသမားများ အနေနဲ့ လာမယ့်ဆီးဂိမ်းပြိုင်ပွဲမှာ အစွမ်းကုန်ယှဉ်ပြိုင်သွားမှာပါ။ ပြည်တွင်းပြည်ပ ပြင်ဆင်မှုတွေလည်း ပြုလုပ်ထားပါတယ်။ မြန်မာကြက်တောင်အဖွဲ့အနေနဲ့ မကြာသေးမီက မလေးရှားနိုင်ငံကို သွားရောက်ပြီး Joint Training လေ့ကျင့်ခဲ့ပါတယ်။ အောက်တိုဘာ ၂၈ ရက်က သွားရောက်ခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်က ပြန်ရောက်ပါတယ်။ မြန်မာကြက်တောင်အဖွဲ့အနေနဲ့ အိမ်ရှင်ဖြစ်တဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်သွားမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ဦးရော်ဘင်တင်က ဆက်လက်ပြောကြားသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ကြက်တောင် အားကစားပြိုင်ပွဲကို အတန်းငါးတန်း ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အမျိုးသားတစ်ဦးချင်း၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား နှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ စုစုပေါင်းပြိုင်ပွဲ အမျိုးအစား ငါးမျိုးတွင် ရွှေတံဆိပ်ဆု ငါးခု ပေးမည်ဖြစ်သည်။

ကြက်တောင် အားကစားနည်းတွင် လက်ရှိအနေအထားမှာ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ကမ္ဘာ့အဆင့်ရှိကြပြီး မြန်မာကစားသမားများအနေဖြင့် ၄င်းနိုင်ငံများမှ ကစားသမားများကို အဓိကထားယှဉ်ပြိုင်ရမည့် အနေအထားရှိသည်။

ဆီးဂိမ်းတွင် ကြက်တောင် အားကစားပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားရုံ(c) ၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အိမ်ရှင် မြန်မာပရိသတ်များအနေဖြင့် မြန်မာ့ကြက်တောင် အားကစားသမားများ အောင်မြင်မှုရရှိစေရန် အထူးအားပေးကြဖို့ လိုအပ်သည်။ ကြက်တောင်အားကစားနည်းမှာ မြန်မာနိုင်ငံသို့ ၁၉၁၀ ခုနှစ်ဝန်းကျင်ကရောက်ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ သို့ရာတွင် ကြက်တောင်သမိုင်းတစ်လျှောက် မြန်မာကြက်တောင် အားကစားသမားကောင်းများ ပေါ်ထွန်းခဲ့သော်လည်း ဆက်လက်ပျိုးထောင်နိုင်မှု အားနည်းခဲ့ခြင်းကြောင့် ကြက်တောင်အားကစားနည်းမှာ အားနည်းနေသည်ဟု ဆိုနိုင်စရာရှိသည်။ သို့ရာတွင် ယခုဆီးဂိမ်းပြိုင်ပွဲကြီးမှ အတွေ့အကြုံကောင်းများရယူပြီး လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်မွေးထုတ်သွားနိုင်မည်ဆိုလျှင် အနာဂတ်ပြိုင်ပွဲများအတွက် အားထားရသော အားကစားနည်းဖြစ်လာမည် ဖြစ်သည်။

မောင်ရွှေရိုး

မြန်မာကြက်တောင် အားကစားမယ်တစ်ဦး၏ ယှဉ်ပြိုင်မှုကိုတွေ့ရစဉ်။

ရွှေဂုဏ်ဝင့်ဝင့် အားမာန်မြှင့်

◈ ဆီးဂိမ်းပြိုင်ပွဲ၊ တို့ဆင်နွှဲရန်
စိတ်၊ ဌွဲ၊ လုံ့လ၊ ဝီရိယနှင့်
ကျင့်ကြံခါခါ၊ ကြားနာတန်တန်
ဖန်ဖန်ထပ်ထပ်၊ မလစ်လပ်အောင်
မပြတ်တို့ဆောင်ရွက်ခဲ့ပြီ။

◈ စံချိန်ဟောင်းသစ်၊ တို့ဆန်းသစ်လာ
ရွှေမြန်မာတို့၊ အိမ်မှာကျင်းပ
ပွဲတော်လုဖို့၊ လုံ့လဇွဲသန်
အားမာန်ခဲလျက်၊ အောင်ပွဲဆင့်ဆင့်
မြန်ဂုဏ်ဝင့်ရန် ချိန်တန်ပြီ။

◈ နိုင်ငံအစိုးရ၊ ဌာနဆိုင်ရာ
မြန်မာပြည်သူ၊ ရှင်လူအများ
တို့အားထားပေ၊ ရွှေအိပ်မက်တို့
မက်ဖို့တို့များ၊ ခွန်အားဉာဏ်အား
စွမ်းပကားဆောင် အောင်ရမည်။

◈ အိမ်သာသည့်လာ၊ မိတ်သဟာများ
ဖြာဖြာသုခ ပြည့်စေမည်။
ရွှေနိုင်ငံမှာ၊ ရွှေမြန်မာကို
ကမ္ဘာလေးစားစေရမည်
ကိုယ့်ခွန်ကိုယ့်အား၊ ကိုယ့်စွမ်းအားဖြင့်
ရွှေဂုဏ်ဝင့်ကာ အောင်ရမည်။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

UNIQUE STAR TRAVELS.

Promotion (၃) ညအိပ် - (၂) ရက် ခရီး

တောင်ကြီး အင်းလေး	Nov: 13, 14, 15 / Dec: 21, 29	(205,000)
ဟုံ-မန္တလေး ဖြင့်ဦးတွင်	Nov: 15 / Dec: 21	(195,000)
ချောင်းသာ Daily (Hotel Max) (70,000) / ငွေဆောင် (Friday)		(80,000)

(5), Asia Plaza Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ မြို့ပြအင်ဂျင်နီယာဘာသာရပ်
ကျောင်းသူကျောင်းသားဟောင်းများ၏
တတိယအကြိမ်မြောက် ဆရာကန်တော့ပွဲ ဖိတ်ကြားခြင်း

နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ မြို့ပြအင်ဂျင်နီယာဘာသာရပ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ တတိယအကြိမ် ဆရာကန်တော့ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်နှင့်အချိန် - ၁၇-၁၁-၂၀၁၃ရက်(တန်ဆောင်မုန်းလပြည့်နေ့)တနင်္ဂနွေနေ့၊ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
နေရာ - Function Hall, မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်။

ကျောင်းသန့်သက်စိုး @ ဖိုးသား သို့
မွေးနေ့ ဆုမွန်

မေမေ မေမေ တို့ ၏ အချစ်ဆုံး တစ်ဦးတည်းသော သားလေး ကျောင်းသန့်သက်စိုး@ဖိုးသား ၏(၁၃.၁၁.၂၀၁၃)ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သက်ရှည်ကျန်းမာ၍ အောင်မြင်သော၊ ပြီးပြည့်စုံသော ဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ......

ချစ်ဖေဖေ + ချစ်မေမေ

[illegible] ခုနှစ် [illegible] ကျောင်းသူကျောင်းသားများ၏
[illegible] ဆရာကန်တော့ပွဲနှင့် [illegible]
ဖိတ်ကြားခြင်း

[illegible] gmail.com [illegible]
[illegible] My Garden Restaurant, [illegible] (Summit Park View Hotel [illegible]) [illegible]

[illegible]

Happy Birthday "ဖိုးသား" Guardians

ချစ်သော ညီ/မောင်လေး "ဖိုးသား" ၏ (၁၃.၁၁.၂၀၁၃) ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင် မွေးနေ့ ပေါင်းများစွာတိုင် စိတ်ချမ်းသာ ၊ ကိုယ်ကျန်းမာစွာဖြင့် ဖိုးသား ချစ်သော အနုပညာလုပ်ငန်းများကို ပိုမို အောင်မြင်စွာ လုပ်ကိုင်နိုင်ပြီး ဆန္ဒ နှင့် ဘဝ တစ်ထပ်တည်းကျနိုင်ပါစေ ......

ကိုကြီး+မနု၊ ကိုအောင်သက်ဦး+မီးမီး
ငြိမ်းငြိမ်း+ရည်မွန်မွေးမွေး
ဂျဲဂျဲ ၊ ကဲကဲ ၊ ကုကု ၊ သုသု

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာနှင့် မက်ဆီ

အာကာကျော်

တိုက်စစ်မှူး လီယိုနယ်မက်ဆီဟာ ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုနဲ့ အတူ တစ်သားတည်းရှိနေတဲ့သူပါ။ လက်ရှိ ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုတွေဟာ မက်ဆီကြောင့်ဆိုတာ ဘောလုံးတစ်လောကလုံးက သိကြပါတယ်။

ဘာစီလိုနာရဲ့ ပြည်တွင်းလိဂ်တွေမှာရော ဥရောပချန်ပီယံမှာပါ မက်ဆီရဲ့ သွင်းဂိုးတွေကြောင့် ဘာစီလိုနာ ထိပ်ဆုံးရောက်နေတာပါ။ လက်ရှိမှာလည်း စပိန်လာလီဂါမှာ ဘာစီလိုနာအသင်းဟာ နည်းပြပြောင်းသွားပေမယ့် ဒဏ်ရာတွေရလိုက် ပြန်ကောင်းလိုက်နဲ့ ခြေစွမ်းမငြိမ်သလိုမျိုး ဖြစ်လာတာတွေ့ရပါတယ်။ ဆိုးတာက နိုဝင်ဘာ ၁၀ ရက်က ရီးရဲဘက်တစ်နှင့်ကစားတဲ့ပွဲမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပါတယ်။ တံကောက်ကြော ထိခိုက်ခြေစွမ်းကတော့ ကျမသွားပါဘူး။ ပြိုင်ဘက်ရီးရဲမက်ဒရစ်အပေါ် စိုးမိုးထားဆဲဖြစ်ပါတယ်။ သို့ပေမယ့် တိုက်စစ်မှူး မက်ဆီဟာ မကြာသေးမီလများက ဒဏ်ရာရသွားတဲ့ မက်ဆီဟာ နှစ်လလောက် အနားယူရမယ်လို့ဆိုပါတယ်။ ခက်တာက သူနားနေတဲ့ကာလမှာ ဘာစီလိုနာရဲ့ အနေအထားက ဘာတွေ ပြောင်းလဲသွားနိုင်သလဲ ဆိုတာပါပဲ။ မက်ဆီ ကစားနေတုန်းကလိုပဲ ဘာစီလိုနာရဲ့ နိုင်ပွဲတွေ ဆက်နိုင်ပါ့မလား။ လူငယ်တိုက်စစ်မှူး နေမာကရော မက်ဆီကဲ့သို့ အမြဲတမ်းဂိုးတွေ သွင်းယူပေးနိုင်ပါ့မလားဆိုတဲ့ အချက်တွေပါပဲ။ ဘာစီလိုနာရဲ့ တိုက်စစ်အားကျသွားမယ်ဆိုရင်တော့ပြိုင်ဘက်ဖြစ်တဲ့ ရီးရဲမက်ဒရစ်က အားကောင်းလာနိုင်ပါတယ်။ မက်ဆီမရှိတဲ့ကာလမှာ ပုံမှန်ခြေစွမ်းမပြနိုင်ရင်တော့ ဒီနှစ်လာလီဂါမှာ ရီးရဲမက်ဒရစ်က စိုးမိုးသွားနိုင်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ တံကောက်ကြွက်သား စုတ်ပြတ်သွားတဲ့အတွက် အနည်းဆုံးခြောက်ပတ်မှ ရှစ်ပတ်အထိ အနားယူကုသမှုခံယူရမယ်လို့ ဘာစီလိုနာအသင်းဆေးဘက်တာဝန်ရှိသူတွေက ပြောပါတယ်။ သူဒီလို လွဲချော်သွားတဲ့အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနဲ့လည်း လွဲချော်သွားနိုင်တဲ့အနေအထားပါပဲ။ နိုဝင်ဘာလထဲမှာ အာဂျင်တီးနားအသင်းနဲ့ ကစားမယ့် ချစ်ကြည်ရေးပွဲတွေနဲ့လည်း လွဲချော်မှာ ဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ နိုဝင်ဘာလထဲမှာ အီကွေဒေါ၊ ဘော့စနီးယားတို့နဲ့ ချစ်ကြည်ရေးကစားမှာ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ သီတင်းပတ်က ချန်ပီယံလိဂ်အုပ်စုပွဲမှာ အေစီမီလန်ကို နိုင်ပြီး နောက်တစ်ဆင့်တက်နိုင်ခဲ့တာဖြစ်ပါတယ်။ အနိုင်ရလိုက်တဲ့နှစ်ဂိုးဟာ မက်ဆီသွင်းယူခဲ့တာဖြစ်ပါတယ်။ သူဟာ ပုံမှန်ခြေစွမ်းရဖို့အချိန်အများကြီးယူရဦးမှာ ဖြစ်ပါတယ်။ မက်ဆီမရှိတဲ့ကာလမှာ ဘာစီလိုနာရဲ့ အနေအထားကလည်း ပြောင်းလဲသွားနိုင်ပါတယ်။

စပိန်လာလီဂါ နှင့် အီတလီ စီးရီးအေ ရပ်တည်မှု ဇယား

သီဟ

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘာစီလိုနာ	၁၃	၁၂	၁	၀	၃၇
၂	အက်သလက်တီကို	၁၃	၁၁	၁	၁	၃၄
၃	ရီးရဲလ်မက်ဒရစ်	၁၃	၁၀	၁	၂	၃၁
၄	ဗီလာရီးရဲလ်	၁၃	၇	၃	၃	၂၄
၅	ဘီလ်ဘာအို	၁၃	၇	၂	၄	၂၃
၆	ဂီတာဖေး	၁၃	၆	၂	၅	၂၀
၇	ဆိုစီဒက်	၁၃	၄	၅	၄	၁၇
၈	ဂရန်နာဒါ	၁၃	၅	၂	၆	၁၇
၉	ဗလင်စီယာ	၁၃	၅	၂	၆	၁၇
၁၀	လီဗန်တေး	၁၃	၄	၅	၄	၁၇
၁၁	ဆီဗီလာ	၁၃	၄	၄	၅	၁၆
၁၂	အက်စ်ပန်ညို	၁၃	၄	၃	၆	၁၅
၁၃	အယ်လ်ချီ	၁၃	၃	၅	၅	၁၄
၁၄	မာလာဂါ	၁၃	၃	၄	၆	၁၃
၁၅	ဗယ်လာဒိုလစ်	၁၃	၂	၆	၅	၁၂
၁၆	ဆယ်လ်တာဗီဂို	၁၃	၃	၃	၇	၁၂
၁၇	အယ်မာရီးယား	၁၃	၃	၃	၇	၁၂
၁၈	ဗယ်လက်ကာနို	၁၃	၄	၀	၉	၁၂
၁၉	အိုဆာဆူနာ	၁၃	၃	၁	၉	၁၀
၂၀	ရီးရဲလ်ဘက်တစ်	၁၃	၂	၃	၈	၉

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ရိုးမား	၁၂	၁၀	၂	၀	၃၂
၂	ဂျူဗင်တပ်စ်	၁၂	၁၀	၁	၁	၃၁
၃	နာပိုလီ	၁၂	၉	၁	၂	၂၈
၄	အင်တာမီလန်	၁၂	၇	၄	၁	၂၅
၅	ဖီအိုရင်တီးနား	၁၂	၇	၃	၂	၂၄
၆	ဗီရိုနာ	၁၂	၇	၁	၄	၂၂
၇	ဂျီနိုအာ	၁၂	၅	၂	၅	၁၇
၈	လာဇီယို	၁၂	၄	၄	၄	၁၆
၉	အတ္တလန်တာ	၁၂	၅	၁	၆	၁၆
၁၀	အေစီမီလန်	၁၂	၃	၄	၅	၁၃
၁၁	ပါးမား	၁၂	၃	၄	၅	၁၃
၁၂	အူဒီးနိစ်	၁၂	၄	၁	၇	၁၃
၁၃	ကက်ဂလီယာရီ	၁၂	၃	၄	၅	၁၃
၁၄	တိုရီနို	၁၂	၂	၆	၄	၁၂
၁၅	လီဗော်နို	၁၂	၃	၃	၆	၁၂
၁၆	ဘိုလော့ဂ်နာ	၁၂	၂	၄	၆	၁၀
၁၇	ဆက်ဆူအိုလို	၁၂	၂	၄	၆	၁၀
၁၈	ဆမ်ဒိုးရီးယား	၁၂	၂	၃	၇	၉
၁၉	ကာတာနီးယား	၁၂	၂	၃	၇	၉
၂၀	ချီယေဗို	၁၂	၁	၃	၈	၆

ကာဒစ်နှင့်ပွဲ ဗီဒစ် ကစားရန်မသေချာ

မန်ယူအသင်းခေါင်းဆောင်ဗီဒစ်သည် နိုဝင်ဘာ ၁၀ ရက်တွင် မန်ယူက အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပွဲတွင် ဒဏ်ရာပြင်းထန်စွာရခဲ့၍ ဆေးရုံတက်ရာမှ ပြန်ဆင်းလာပြီဖြစ်သည်။

အသက် (၃၂ နှစ်)ရှိ ဗီဒစ်နှင့်မန်ယူဂိုးသမား ဒီဂီယာတို့ တိုက်မိရာမှ ဒဏ်ရာပြင်းထန်စွာရခဲ့သဖြင့် ပထမပိုင်းမပြီးမီ လူစားလဲခံရသည်။ သို့ရာတွင် ဗီဒစ်သည် နိုဝင်ဘာ ၂၄ ရက်တွင် မန်ယူက ကာဒစ်ကွင်းသို့ သွားရောက်ကစားမည့်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်မရှိဟု သိရသည်။

◈ ကောင်းမြတ်သူ-စုစည်းသည်

ဒီယေဂိုကော်စတာ စပိန်နှင့်မကစားနိုင်

အက်သလက်တီကို တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ပေါင်ဒဏ်ရာရသဖြင့် စပိန်အသင်းမှထွက်ခဲ့ရသည်။ အသက် (၂၅ နှစ်) ရှိ ဘရာဇီးနွယ်ဖွား ကော်စတာသည် စပိန်အတွက် ကစားပေးရန် ရွေးချယ်ထားသော်လည်း ဒဏ်ရာကြောင့် ထွက်ခဲ့ရသည်။ စပိန်အသင်းသည် အီကွေတိုရီရယ်ဂီနီနှင့် တောင်အာဖရိကသို့ ခြေစွမ်းပွဲ သွားရောက်ကစားရန်ရှိသည်။

ဆုံးဖြတ်

ကော်စတာသည် မတ်လက ဘရာဇီးအသင်းနှင့်အတူ ရုရှား၊ အီတလီတို့နှင့်ကစားသည့်ပွဲများတွင် ပါဝင်ကစားပေးခဲ့သည်။ သို့ရာတွင် နိုင်ငံတကာပွဲများ မဟုတ်ဘဲ ချစ်ကြည်ရေးပွဲများတွင် နိုင်ငံကိုယ်စားပြုကစားနိုင်ခြင်းကြောင့် စပိန်အသင်းနှင့်အတူ ကော်စတာက ပါဝင်ကစားရန်ဆုံးဖြတ်ခဲ့သည်။

(၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

နိုဝင်ဘာ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော ဖေဖေ ဦးအောင်မြင့်(အင်ဂျင်နီယာချုပ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)နှင့် မေမေ ဒေါ်ချိုချို(ခ)ဒေါ်ထားထားမြင့်တို့၏ (၃၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သားသမီးများနှင့်အတူ ကျန်းမာပျော်ရွှင်သောဘဝကို ထာဝစဉ်ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး - အေးပြည့်စုံ-သက်နိုင်စိုး

ချစ်သား - ပိုပြည့်စုံ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၇ရက် (တန်ဆောင်မုန်းလပြည့်နေ့)နှင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက် (အမျိုးသားနေ့)များတွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



ပျောက်ဆုံးကြောင်း

သွင်းကုန်လိုင်စင်အမှတ် IL7 13-14 4297 (27-8-2013) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၇၃၂၁၁၁၃၈ သို့ ဆက်သွယ်ပါ။ ကျေးဇူးဆပ်ပါမည်။



နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၂၀(က)၊ အခန်း၉/အေဟုခေါ်တွင်သော အကျယ်အဝန်း ၃၆ပေ× ၃၆ပေဧရိယာရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးသူရအောင် ၁၂/တမန(နိုင်)၀၃၃၀၉၅ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာလွင် ၁၂/ကတတ(နိုင်)၀၂၁၈၀၂က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်အတည်ပြုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာလာလွင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းစိုး LL.B၊ အထက်တန်းရှေ့နေ
အမှတ်၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂

အရေးကြီးဆုံးသောမေတ္တာ

နံနက်စောစောစီးစီး တူမလေး နွယ်နီသည် ပေါက်ချလာ၏။ ကျွန်မက ဘုရားရှိခိုး၊ မေတ္တာပို့ပြီး ဘုရားခန်းမှ ထွက်မည်အပြု-

"နေပါဦး ကြီးမေရဲ့ ဘုရားခန်းထဲပြန်ဝင်ပါဦး၊ ဘုရားစကား၊ တရားစကား ပြောချင်လို့" ဟု ခါးကိုဖက်ကာ ဘုရားခန်းထဲ ပြန်ခေါ်လာသဖြင့် ကျွန်မသည် တအံ့တသြဖြစ်နေမိ၏။

ဘုရားစင်ရှေ့ ကော်ဇောပေါ်တွင် တူဝရီးနှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်မိကြလျှင် နွယ်နီက ဘုရားကိုလက်အုပ်ချီ၍ ကန်တော့လိုက်ပါသည်။

"ကြီးမေ နေ့တိုင်း နွယ်နီ ဘုရားရှိခိုးတဲ့အခါ ဤကဲ့သို့ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်း၍လို့သာ ဆိုနေတာ တကယ်တော့ အဓိပ္ပာယ် ကောင်းကောင်းမသိလို့ ဒီနေ့ ဥပုသ်နေ့မို့ သတိတရဖြစ်ပြီး လာမေးတာ" ဟု စိတ်ပါလက်ပါ မေးနေပါသည်။

ကျွန်မသည် နွယ်နီမေးသော မေးခွန်းများကို သဘောကျ၍ ဝမ်းသာပီတိ ဖြစ်မိသည်။

"ကဲ . . ကဲ . . နားထောင်သမီး"၊ အပါယ်လေးပါးဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လေ (နေ့စံလို့ညခံ၊ ညခံလို့နေ့စံတဲ့သတ္တဝါ)၊ ကပ်သုံးပါးဆိုတာကတော့ ဒုဗ္ဘိက္ခန္တရကပ် အစာရေစာ ငတ်မွတ်ခေါင်းပါးပြီး သေကျေပျက်စီးတာ၊ သတ္ထန္တရကပ်ဆိုတာကတော့ သေစေတတ်တဲ့ ဓား၊ လှံ၊ သေနတ်၊ လက်နက်နဲ့ တစ်ဦးကို တစ်ဦးခုတ်ပြီး သေကျေပျက်စီးတာ၊ ရောဂန္တရကပ်ဆိုတာ ကူးစက်တတ်တဲ့အနာရောဂါကျရောက်ပြီး လူတွေ သေကျေပျက်စီးတာကို ခေါ်တယ်"

"ပြောပါဦး ကြီးမေ . . ရပ်ပြစ်ရှစ်ပါး ဆိုတာရော"

"အင်း . . ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာရယ်၊ ခန္ဓာကိုယ်မရှိ၊ ခန္ဓာကိုယ်ရှိပြီး စိတ်မရှိတဲ့ အသညသတ်ဘုံ၊ ရတနာသုံးပါး မကိုင်းရှိုင်းတဲ့ သူတို့ အရပ်မှာ နေရတာတို့၊ ပဋိသန္ဓေနေကတည်းက အကျိုးအကန်း၊ ဆွံ့အသူအဖြစ်လာတာ၊ မိစ္ဆာဒိဋ္ဌိဆိုတာကတော့ မှားယွင်းတဲ့အယူအဆ၊ ဘုရားမရှိတဲ့ အခါကာလမှာ ပဋိသန္ဓေနေတဲ့လူတကယ်တော့မဂ်ဖိုလ်၊ နိဗ္ဗာန်တရားအားထုတ်ခွင့်မရှိတဲ့အရပ်ကို ရပ်ပြစ်လို့ခေါ်တာပေါ့ သမီးရယ် . . "။

"ဝိပ္ပတ္တိတရား လေးပါးဆိုတာကရော . . "

"ဖောက်ပြန်ချို့ယွင်းပျက်စီးခြင်းကို ဝိပ္ပတ္တိလို့ခေါ်တယ်။ ကာလဝိပ္ပတ္တိ၊ မင်းမမည်ထိုက်တဲ့သူ၊ မင်းဆိုးမင်းယုတ် အုပ်ချုပ်တဲ့ကာလ၊ ဂတိဝိပတ္တိ၊ အပါယ်လေးပါးရောက်ရခြင်း၊ ဥပဓိဝိပတ္တိ ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း၊ ပယောဂဝိပတ္တိဆိုတာ မကောင်းတဲ့ လုံ့လရှိခြင်းလို့ ခေါ်တာပေါ့။ ဗျသနတရားငါးပါး ဆိုတာကတော့ အဆွေအမျိုးတွေပျက်စီး၊ စည်းစိမ်ဉစ္စာရာထူးတို့ပျက်စီးတာ၊ အနာရောဂါကြောင့်ပျက်စီးတာ၊ ကောင်းတဲ့အကျင့်သီလပျက်စီးတာ၊ လွဲမှားတဲ့ အယူဝါဒတွေကိုခေါ်တာ"

"အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဆိုတာရော"

"သူတစ်ပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်ပါစေတော့လို့ ကြံစည်တာ၊ သူတစ်ပါးကို ပျက်စီးဆုံးရှုံးသေစေလိုတဲ့ဒေါသရှိတာ၊ ကံ ကံ၏ အကျိုးမရှိလို့ဆိုပြီး လွဲမှားတဲ့အယူကို ယူတာပေါ့ သမီးရယ်"

"မင်္ဂလာတရား (၃၈)ဖြာတို့တော့ သိပါတယ်ကြီးမေ၊ ဒါပေမယ့် ခင်ပွန်းကြီး ၁၀ ပါးဆိုတာဘာလဲ၊ အဲဒါတော့မသိဘူး"

"ဘုရားရေ . . အဲဒါတောင် မသိရကောင်းလားသမီးရဲ့" ဟု နွယ်နီ၏နဖူးပြင်ကိုအသာထုလိုက်မိသည်။

"ခင်ပွန်းကြီး ၁၀ ပါးဆိုတာ . . .

၁။ ဗုဒ္ဓရှင်တော်မြတ်ဘုရား။

၂။ ပစ္စေကဗုဒ္ဓ

၃။ ရဟန္တာ

၄။ လက်ယာရံ လက်ဝဲရံ အဂ္ဂသာဝကကြီးတွေ

၅။ အမိဖြစ်သူ

၆။ အဖဖြစ်သူ

၇။ လေးစားထိုက်သောပုဂ္ဂိုလ်

၈။ မိမိကို သွန်သင်ဆုံးမဖူးတဲ့ ဆရာသမား

၉။ အလှူဒါန၊ သီတင်းသီလနဲ့ မွေ့လျော်သူ

၁၀။ ကျွေးမွေး စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်၊ အဲ့ဒီ ပူဇော်ထိုက်တဲ့ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားကျူးလွန်မိရင် အခုပစ္စုပ္ပန်ဘဝမှာလည်း လက်ငင်းဒုက္ခတွေ့နိုင်တယ်။ အပြစ်ဒဏ်တွေကတော့ . . . .

၁။ ဆင်းရဲတဲ့ဝေဒနာ ပြင်းပြစွာ ခံစားရတတ်တယ်။

၂။ ပစ္စည်းဥစ္စာ ကုန်ခန်းပျက်စီးတတ်တယ်။

၃။ ခန္ဓာကိုယ် ပျက်ပြုန်းပြီး အသက်သေဆုံးရတတ်တယ်။

၄။ နူနာရောဂါစွဲကပ်တတ်တယ်။

၅။ စိတ်ဖောက်ပြန်ပြီး ရူးသွားတတ်တယ်။

၆။ ရာထူးကျခြင်းစတဲ့ ဘေးဒဏ်တွေခံရတတ်တယ်။

၇။ သူတစ်ပါး မတရားစွပ်စွဲတာကို ခံရတတ်တယ်။

၈။ စည်းစိမ်ဉစ္စာတွေ ပျက်စီးတတ်တယ်။

၉။ ဆွေမျိုးသားချင်း ပျက်စီးတယ်။

၁၀။ နေအိမ်ကို မီးလောင်ခံရတယ်။ သေတဲ့အခါ အပါယ်လေးဘုံကျတယ် သမီးရေ။"

"ကြောက်စရာကြီးပါလား၊ သူတစ်ပါးကို အလကားနေရင်း မနာလိုမစ္ဆရိယစိတ်ဖြစ်ပြီး မကျေနပ်တဲ့သူတွေဟာ ငရဲသားလောင်းတွေပဲနော်၊ ဘာပဲဖြစ်ဖြစ်မေတ္တာစိတ်က အမြင့်မြတ်ဆုံး၊ အကောင်းဆုံး မေတ္တာစိတ်ဟာ အရေးကြီးဆုံးပါပဲနော် ကြီးမေ . . ."

"ဟုတ်တယ် သမီးရေ . . မေတ္တာဓာတ်နှင့် ရစ်ပတ်ဖွဲ့စည်းထားတဲ့မိသားစု၊ ဆွေမျိုးစု၊ ကျေးလက်တောရွာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘယ်အရပ်ဒေသ၊ နေရာဌာနေမှာမဆို ကောင်းတဲ့အောင်မြင်ခြင်းနဲ့သာ အောင်မြင်ကြတယ်"

နွယ်နီသည် လျှော့ကျနေသောလက်တွင် ပတ်လာသည့် စိပ်ပုတီးလေးကို ပြန်၍ရစ်ပတ်လိုက်ပြီး မေတ္တာအကြောင်း ပြောပါဦးဟု စလာပြန်သည်။

"ဒီနေ့ ဥပုသ်နေ့နဲ့သမီးမေးခွန်းတွေနဲ့အတော်ပဲ၊ မေတ္တာသုံးမျိုးရှိတယ်။ သမီးရဲ့ . .

ကာယကံမေတ္တာ- ချစ်ခင်တဲ့မေတ္တာနဲ့ပြုတဲ့ ကိုယ်မှုပေါ့။

ဝစီကံမေတ္တာ- ချစ်ခင်တဲ့မေတ္တာနဲ့ပြောဆိုတဲ့ နှုတ်မှုပေါ့။

မနောကံမေတ္တာ- ချစ်ခင်စိတ်သက်သက်နဲ့ မေတ္တာပို့ခြင်းပေါ့။

မေတ္တာသဘောဟာ သူများကိုလည်း ချမ်းသာစေတယ်။ မိမိကိုယ်လည်း ချမ်းသာစေတယ်။ သူများကိုလည်း ဘေးအန္တရာယ်လွတ်ကင်းစေသလို၊ ကိုယ်လည်းဘေးလွတ်ကင်းတယ်။ ပြီးတော့ကောင်းမွန်တဲ့ အောင်မြင်ခြင်းနဲ့ အောင်မြင်စေတယ်လေ။ ကဲ . . . ဒီတစ်ခါ မေတ္တာအကျိုး ၁၁ မျိုး၊ ပြောပြီးရင် မွန်းမလွဲခင်ထမင်းစားဖို့ ပြင်လိုက်ကြဦးစို့ နွယ်နီရေ" ဟု ပြောလိုက်ပြီး ကျွန်မက ဆက်လက်၍

"မေတ္တာအကျိုး ၁၁ မျိုး က . . .

၁။ ချမ်းသာစွာအိပ်ရခြင်း၊

၂။ ချမ်းသာစွာနိုးထရခြင်း၊

၃။ အိပ်မက်ဆိုးများ မမြင်မက်ခြင်း၊

၄။ လူအများချစ်ခင်ခြင်း၊

၅။ နတ်များချစ်ခင်ခြင်း၊

၆။ နတ်များကစောင့်ရှောက်ခြင်း၊

၇။ မီး၊လက်နက်၊ အဆိပ်ပြီးခြင်း၊

၈။ စိတ်တည်ကြည်ခြင်း၊

၉။ မျက်နှာအဆင်းကြည်လင်ခြင်း

၁၀။ မတွေမဝေ သေရခြင်းနဲ့

၁၁။ ဗြဟ္မာပြည်ရောက်ခြင်းတဲ့။

ကဲ . . ကိုယ်ကိုယ်တိုင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတွေနဲ့ ကျင့်ကြံအားထုတ်ပေတော့ နွယ်နီရေ"

နွယ်နီသည် ကျုံ့ကျုံ့ကလေးထိုင်ပြီး-

"သာဓု၊ သာဓု၊ သာဓု" ဟု ခေါ်ဆိုလိုက်ပါသည်။

ယုဝတီခင်ဦး

ဆောင်းပါးနှင့် နယ်သတင်း

ရဲအုပ်အဆင့်ရာထူး ရေးဖြေစာမေးပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၂

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးက ဦးစီးကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ဒုတိယရဲအုပ်အဆင့်မှ ရဲအုပ်အဆင့်ရာထူးသို့ တိုးမြှင့်ရေး ရေးဖြေစာမေးပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရဲအုပ်ရာထူးအဆင့် တိုးမြှင့်စာမေးပွဲသို့ ဒုတိယရဲအုပ်အဆင့် တပ်ဖွဲ့ဝင် ၁၁၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုခြင်းကို မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း ဦးဆောင်သော ဒုတိယရဲမှူးကြီးများ၊ ရဲမှူးများက ကြီးကြပ်ပေးပြီး စာဖြေဌာနအသီးသီးကို လိုက်လံကြည့်ရှုခဲ့ကြသည်။

တစ်ပြိုင်တည်းကျင်းပ

အလားတူ အဆင့်တိုးရဲအုပ်စာမေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်မှုဖြင့် တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း သိရသည်။

ကျော်သန်း (မော်လမြိုင်)

တနင်္သာရီမြို့၌ မြို့တွင်းလမ်းများ ကွန်ကရစ်လမ်းခင်းကျင်းပြီးစီး

မြိတ် နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ မြို့တွင်းလမ်းများ ကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းမကြီးနှင့် လမ်းသွယ်များကို ကွန်ကရစ်လမ်းအဖြစ် တစ်မြို့လုံးခင်းကျင်းလျက်ရှိကြောင်း သိရသည်။ ယင်းသို့ ကွန်ကရစ်လမ်းဖြင့် ခင်းကျင်းရာတွင် ကျန်ရှိနေသေးသော ချောင်းငယ်ရပ်ကွက် အရှည် ၆၅ ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၆ လက်မရှိသော ကွန်ကရစ်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေကျပ် ၈၁၃၅၀၀၀ အကုန်အကျခံ၍ ခင်းကျင်းခဲ့ရာ ယခုအခါပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆင်ပြေ

ယင်းသို့ မြို့တွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပေးထားခြင်းကြောင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းကာ သွားလာနိုင်ကြပြီဖြစ်၍ ဝမ်းသာလျက်ရှိကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

မိုးဟိန်း(မြိတ်)

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဦးစီးဌာန

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈

စိတ်ကြိုက်ဆောင်းပါး ဖိတ်ခေါ်ခြင်း

၁။ **လူ့ဘဝသည် ချမ်းသာနည်း၍ဘေးဒုက္ခများလှသည်** ဟူသော ခေါင်းစဉ်ဖြင့်ရေးပါ။

၂။ စာတမ်း(သို့မဟုတ်)ဆောင်းပါးပုံစံ၊ အင်္ဂလိပ်(သို့မဟုတ်)မြန်မာဘာသာဖြင့် စာမျက်နှာကန့်သတ်မထားပါ။

၃။ လူမျိုးမရွေး၊ ဘာသာမရွေး မည်သူမဆို ရေးသားနိုင်ပါသည်။

၄။ ဘာသာအယူဝါဒများသာမက မိမိလက်တွေ့သိမှု၊ ကြံဆမှုများကိုပါ လွတ်လပ်စွာရေးသားနိုင်ပါသည်။

၅။ ၃၁-၁-၂၀၁၄ရက်နောက်ဆုံးထား၍ **လပြည့်ဝန်းဆေးခန်း**၊ ဃ-၁/၁၄၊ အမှတ်(၄)ရပ်ကွက်၊ မနော်ဟရီလမ်း၊ ၆၄×၆၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးသို့ လိပ်မူတပ်၍ ပေးပို့နိုင်ပါသည်။ (ဖုန်း-၀၂-၈၀၀၈၂)

၆။ ပေးပို့သူ၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဖော်ပြပေးပါရန်။

၇။ ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆု တစ်သိန်းနှင့် နှစ်သိမ့်ဆုများစွာကြေညာ၍ ပေးအပ်ပါမည်။

ဒေါက်တာခင်မောင်ညွန့်(လပြည့်ဝန်း)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ စီမံကိန်း/လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများ၊ ရေစုပ်ပန့်ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ သတ်မှတ်နေရာဒေသအရောက် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-

(က)	ရန်ကုန်မြို့ ဆိပ်ကမ်းများမှ	ပင်မသိုလှောင်ရုံ (ရွာသာကြီး)သို့	ကွန်တိန်နာယာဉ်များ ဖြင့်သယ်ယူရန်
(ခ)	ပင်မသိုလှောင်ရုံ (ရွာသာကြီး)မှ	သက်ဆိုင်ရာသတ်မှတ် နေရာဒေသများသို့	မော်တော်ယာဉ်များ ဖြင့်သယ်ယူရန်

ပိတ်ရက်နှင့်အချိန် - ၂၅-၁၁-၂၀၁၃ ရက် ၁၄:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့် ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

ပျောက်ဆုံးခြင်း

ကျွန်မ မခင်နန္ဒာချို ၁၂/ဒဂမ(နိုင်)၀၃၄၄၄၈၏ ပတ်စ်ပို့ ၁၃-၁၂၂၆၁၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၅၄၂၁၈၁

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျီစုအနောက်ရပ်ကွက်တွင် နေထိုင်သူ ဦးစန်းဝင်း ၁၂/လကန(နိုင်)၁၂၉၉၅၈ထံမှ ကျီစုအနောက်ရပ်ကွက်၊ အမှတ်(၃)လမ်း အနီးတွင်ရှိသော မြေအကျယ်ပေ(၄၀×၆၀) နှစ်ကွက်အား ဒေါ်သန်းသန်းဌေးနှင့် ဦးအောင်သိန်းဟန်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ရာတွင် အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသန်းစိုးမှ စာချုပ်ချုပ်ဆို၍ ရောင်းချဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် ကျွန်ုပ်အမှုသည်များ ဝယ်ယူခဲ့သော မြေကွက်များနှင့် ပတ်သက်၍ အရှုပ်အရှင်းဖြစ်ပေါ်နေပါသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ရှင်းလင်းပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်အောင် LL.B
အထက်တန်းရှေ့နေ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

ကျောက်တံခါး နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ၂၀၁၃ခုနှစ် ဆောင်းရာသီ ဆောင်းသီးနှံစိုက်ပျိုးထွန်ယက်မည့်ကျေးရွာအုပ်စု(၃၂) အုပ်စုမှ တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို နိုဝင်ဘာ ၁ ရက်မှစ၍ ကျောက်တံခါးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာဦးအုံးချိုနှင့်ဝန်ထမ်းများက နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ချေးပေးလျက်ရှိရာ နိုဝင်ဘာ ၈ရက်အထိ ကျေးရွာအုပ်စုပေါင်း ၁၉အုပ်စုတောင်သူပေါင်း ၅၆၅၈ ဦး စိုက်ဧက ၄၁၃၃၀ အတွက် တစ်ဧကလျှင် ကျပ် ၂၀၀၀၀နှုန်းဖြင့်စုစုပေါင်း ငွေကျပ် ၈၂၆၆၀၀၀၀၀ ကို တောင်သူများအား ထုတ်ချေးခဲ့ပြီးကြောင်း၊ ကျန်ရှိသည့်ကျေးရွာအုပ်စု (၁၃)အုပ်စုမှ တောင်သူများအား ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့်တောင်သူလယ်သမားများအနေဖြင့် ချေးငွေများကို သတ်မှတ်ရက်အတွင်းပြန်လည်ပေးဆပ်ကြရန်နှင့်အတိုးနှုန်းမှာလည်း တောင်သူများ၏အကျိုးစီးပွားကိုရှေးရှု၍ သက်သာသောနှုန်းဖြင့် ၈ဒသမ ၅ ရာခိုင်နှုန်းအတိုးနှုန်းဖြင့်သာယူထား၍တောင်သူများက တာဝန်ကျေပွန်စွာဖြင့် ချေးငွေများကိုပြန်လည်ပေးဆပ်နိုင်ရေး စိုက်ပျိုးရေးဘဏ် မန်နေဂျာဦးအုံးချိုက ဆောင်းသီးနှံချေးငွေလာရောက်ထုတ်ယူသူ တောင်သူများအား ပြောကြားခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

နှောကန်လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့အတွက် မော်တော်ယာဉ်လှူဒါန်း

မလှိုင် နိုဝင်ဘာ ၁၂

မလှိုင်မြို့နယ် နှောကန်ကျေးရွာ၌ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက သပိတ်ကျင်းမြို့နယ် ထာဝရကုမ္ပဏီမိသားစုက ဦးမျိုးခိုင်ဦးဆောင်ပြီး ငွေကျပ် ၇၁ သိန်းတန်ဖိုးရှိ Super Custom Limited တစ်စီးနှင့်အရေးပေါ် လူနာသုံး ဖုန်းတစ်လုံး၊ အသက်ကယ်အောက်ဆီဂျင်တစ်ဘူး၊ လူနာတင်ခုတင် တစ်ခုကို နှောကန်ကျေးရွာ လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ထံသို့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဝိုင်းအတွင်း၌ ပေးအပ်လှူဒါန်းခဲ့ပြီး ယင်းရွာရှိအထကကျောင်းသို့ ငွေကျပ်သိန်း ၅၀ နှင့် ကံသာဘုန်းတော်ကြီး ကျောင်းသို့ ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

နှောကန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုဥက "ကျွန်တော်တို့နှောကန် ကျေးရွာမှာ အိမ်ထောင်စုဝင် ၅၅၀ ရှိပါတယ်။ နှောကန်ကျေးရွာနဲ့ ဝန်းကျင် ကျေးရွာဒေသခံပြည်သူများအတွက် မိုးချုပ်နေဝင် တောင်သူလုပ်ငန်းကို လုပ်ကိုင်သူတွေဖြစ်ပြီး မတော်တဆထိခိုက်မှုတွေအတွက် အဖွဲ့လေးဖွဲ့ပြီး လူမှုစောင့်ရှောက်ရေးလုပ်ကိုင်ပေးနေပါတယ်။ အရင်တုန်းက ပိုးထိလူနာ၊ မွေးလူနာ၊ အခြားထိခိုက်မိလူနာများကို အချိန်နှင့်တစ်ပြေးညီဆေးရုံဆေးခန်း များကို မပို့နိုင်ခဲ့ဘူး။ အခုတော့ ရပ်ဝေးမှ အလှူရှင်များက လူနာတင်ယာဉ်နှင့် အပိုပစ္စည်းများကို လှူဒါန်းခဲ့တော့ ကျွန်တော်တို့အဖွဲ့အနေနှင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်။ ထိခိုက်မိလူနာ စသည့်လူနာများကို အချိန်နှင့်တစ်ပြေးညီ ဆေးရုံဆေးခန်းများကို ပို့ပေးနိုင်တော့မှာမို့ ဒေသခံကျေးလက်ပြည်သူများ က လည်း ဝမ်းသာပီတိဖြစ်ခဲ့ရတယ်" ဟု ပြောသည်။ရပ်နီးရပ်ဝေးမှ အရေးပေါ် ဆက်သွယ်နိုင်ရန် ဖုန်းများမှာ ၀၉-၉၁၀၃၆၂၅၇၊၀၉-၆၅၂၁၅၆၉၊၀၉-၆၅၂၁၅၉၆ ဟုသိရသည်။

ကျော်ကျော်(မလှိုင်)

သန်းခေါင်စာရင်းကောက်ယူမှုအကြောင်း ရှင်းလင်းဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်တွင် နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ မြနန်းနွယ်တန်ဆောင်း၌ ဆိပ်ကမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ပြည်သူများသိရှိအောင် ရှင်းလင်းဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းနွဲ့သီဂီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအကြောင်း သိကောင်းစရာနှင့် သန်းခေါင်စာရင်းကောက်ယူမှုအရေးကြီးပုံတို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီးနောက် ပြည်သူများက သိလိုသည်များ မေးမြန်းသည်ကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရွှေနန်းဖြူ

သန်းခေါင်စာရင်းဆိုင်ရာများ ပန်းတောင်း၌ဟောပြော

ပန်းတောင်း နိုဝင်ဘာ ၁၂

ပြည်ခရိုင် ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ အမကကျောင်း၌ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် လဝကနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးများ ဟောပြောပွဲနှင့် ဆွေးနွေးပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မြင့်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းမြင့်တို့က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်းနှိုးဆော်ချက် လက်ကမ်းစာစောင်များလိုက်လံကပ်

ဖြူး နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မော်တော်ယာဉ်များနှင့် ဆိုင်ကယ် ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေသဖြင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မြို့ပေါ်လက်ဖက်ရည်ဆိုင်များနှင့် လူစည်ကားရာလမ်းဆုံလမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှိုးဆော်ချက်လက်ကမ်းစာစောင်များ လိုက်လံကပ်ခြင်း၊ ဆိုင်ကယ်ယာဉ်မောင်းများအား ဖြန့်ဝေခြင်းများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ပြုလုပ်ကြသည်။

ယာဉ်နှိုးဆော်ချက်တွင် ယာဉ်စည်းကမ်းဖောက်ဖျက်သူများကို ဒီဇင်ဘာ ၁ ရက်မှစ၍ တရားစွဲဆိုဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ စီမံခန့်ခွဲမှုဒဏ်ကြေးငွေကိုပါ ပေးဆောင်ရမည်ဖြစ်သည်။

စီမံခန့်ခွဲမှုဒဏ်ကြေးသတ်မှတ်ချက်မှာ ယာဉ်မရပ်ရနေရာရပ်တန့်ခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းနှင့် မေးသိုင်းကြိုးမတပ်ခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ ဆိုင်ကယ်ယာဉ်နံပါတ်မပါရှိခြင်း၊ ယာဉ်လိုင်စင် ဝိုးတက်နှင့် ယာဉ်မောင်းလိုင်စင်မပါခြင်း၊ ယာဉ်လိုင်စင်သက်တမ်းလွန်ခြင်း၊ ဆိုင်ကယ်ယာဉ် မီးခိုးအလွန်အကျွံထွက်ရှိခြင်း၊ ယာဉ်စီးခပိုတောင်းခြင်း စသည့်အချက်များအတွက် ဒဏ်ကြေးငွေကျပ် ၅၀၀၀၊ အဝေးပြေးဂိတ်မဝင်ရောက်ဘဲ ဂိတ်ထွက်မပြခြင်း၊ ယာဉ်မဆင်မခြင်မောင်းခြင်းအတွက် ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၊ လမ်းဘေးချရပ်ခြင်းနှင့်လိုင်းကျော်ဆွဲခြင်းများအတွက် ဒဏ်ကြေး ငွေကျပ် ၂၀၀၀၀၊ လမ်းပြောင်းပြန်ရပ်ခြင်း မောင်းခြင်းများအတွက် ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ထားသည်ကို တွေ့ရှိရသည်။

(ဖြူးမြင့်ဦး)

သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၁၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဟောပြောပွဲကို နေပြည်တော်ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်စိုးအောင်က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သိမ့်သိမ့်မျိုးက စာဖတ်ရှုနိုင်မြင့်တင်ရေးနှင့်သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များ ထပ်ဆင့်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

(ကိုကိုရှုပ)

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တောသစ်ပင်တွေ စိုက်ကြစို့

ကဝမြို့ (အထက-ကဝ) မြတ်ဆရာပူဇော်မည်

ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၇ရက် အမျိုးသားအောင်ပွဲနေ့တွင် နံနက် ၁၁နာရီမှစတင်၍ အထက(ကဝ)၌ ကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံ အငြိမ်းစားသက်ပြည့်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ စုံစုံညီညီတက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးလှဌေး-ဒေါ်အေးအေးချို ဖုန်း-၀၅၂-၈၀၀၁၉၊၀၉-၄၂၈၁၈၉၁၀၆၊ ဒေါ်နုတင် ဖုန်း-၀၉-၄၅၈၀၂၀၄၃၆၊ ဒေါ်စန်းရီ ဖုန်း-၀၉-၄၂၈၁၄၄၇၈၁၊ ဦးကျော်စိုး ဖုန်း-၀၉-၂၅၀၁၁၁၅၀၁၊ ဦးထင်ကျော်လင်း ဖုန်း-၀၉-၄၂၈၁၄၉၄၀၄၊ ဦးခေတ်အောင် (ရန်ကုန်) ဖုန်း-၀၉-၅၁၁၁၄၀၀၊ ဦးအောင်ခိုင် ဖုန်း-၀၉-၄၂၈၁၃၆၉၉၄၊ ဒေါ်သက်သက်ခိုင် ဖုန်း-၀၉-၄၂၈၁၅၈၂၉၄၊ ဦးတင်ဌေး ဖုန်း-၀၉-၄၂၈၁၁၈၇၉၁၊ ဦးကိုကိုဇင် ဖုန်း-၀၉-၄၄၈၀၄၂၇၇၉၊ ဒေါ်နွယ်နွယ်ဦး ဖုန်း-၀၉-၄၂၈၁၇၂၇၂၅၊ ဦးသက်မင်းထွန်း ဖုန်း-၀၉-၄၂၈၀၃၂၃၉၀၊ ဦးနေလင်းစိုး ဖုန်း-၀၉-၄၂၈၁၂၀၅၀၃၊ ဦးဇော်ရဲနောင် ဖုန်း-၀၉-၄၅၀၀၃၀၇၂၇၊ ဒေါ်သူဇာအောင် ဖုန်း-၀၉-၄၂၈၁၇၉၁၂၂၊ ဦးအောင်သိန်းထွန်း +၆၅၉၄၇၄၂၄၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
ကဝမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈ U9၊ မြေကွက်အမှတ် ၄၄၀၊ မြေကွက်တည်နေရာအမှတ် ၄၄၀၊ ၄၈ U9 ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်တင်တင်လှ ၁၂/တမန(နိုင်)၀၆၇၅၅၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်တင်တင်လှနှင့် ခင်ပွန်း ဦးမင်းဆွေ မိခင်ဖခင်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်နွဲ့ယဉ်ဝင်း ၁၂/လမန(နိုင်)၀၂၇၄၇၃၊ (၂) ဒေါ်နုနုဝင်း ၁၂/တမန(နိုင်)၀၆၇၅၄၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၁၂၀/၁၃ (၁၃-၉-၂၀၁၃)ဖြင့် ကိုယ်စားလှယ် ရရှိသူ ဦးဒေဗီယံ ၁၂/တမန(နိုင်)၀၀၆၄၃၃ မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၁၆၊ မြေကွက်တည်နေရာအမှတ် ၁၁၆၊ သီဂီလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးအောင်မြိုင် DNU-၀၂၇၀၄၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအောင်မြိုင် (ဖခင်)ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့် ၁၂/ဒဂတ(နိုင်)၀၃၈၉၅၄၊ ဒေါ်သင်းသင်းထွေး ၁၂/ဥကတ(နိုင်)၀၃၉၂၈၉၊ ဒေါ်ငြိမ်းငြိမ်းဝင်း ၁၂/အစန(နိုင်)၁၇၅၉၉၂၊ ဦးကြည်နိုင် ၁၂/ဒဂတ(နိုင်)၀၁၁၀၂၂တို့က ကွယ်လွန်သူတို့၏ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာအိမ်ရာ၊ တိုက်(B/1)၊ အခန်း ၀၀၇ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၁၈×၃၆)ရှိ ဦးခင်အေး ၁၂/ရကန(နိုင်)၀၆၁၇၃၈ အမည်ပေါက်တိုက်ခန်းအား အဆင့်ဆင့်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင် နေထိုင်အကျိုးခံစားလျက် ရှိသူများဖြစ်သည့် ဦးအောင်မိုး ၁၂/သလန(နိုင်)၀၆၅၅၁၅နှင့် ဒေါ်စန္ဒာဝင်း ၁၀/ကထန(နိုင်)၀၅၃၈၁၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် တိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာ လာရောက်ကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညွန့်ညွန့်သန်း LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၄၂၁၁၅၀၄၀၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၇၊ မြေကွက်အမှတ် ၅၄၊ မြေကွက် တည်နေရာအမှတ်-၅၄၊ ရဲသီဟလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်ထွဋ် CJ-၀၀၉၆၇၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးတင်ထွဋ်နှင့်ဇနီး ဒေါ်အေးအေးသိန်း ကွယ်လွန်သဖြင့် (၁) ဒေါ်ကေသီထွဋ် ၁၂/သဃက(နိုင်)၀၆၉၀၀၉၊ (၂) ဦးဇော်မင်းထွဋ် ၁၂/သဃက(နိုင်)၀၆၆၇၃၇၊ (၃) ဦးအောင်မင်းထွဋ် ၆/ကသန(နိုင်)၀၀၅၀၀၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ကတိသစ္စာပြုလွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၄၈၃/ခ၊ မြေကွက်တည်နေရာအမှတ် (၄၈၃/ခ)၊ အင်းဝ (၄)လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စန္ဒာစိုးအမည်ပေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက်ဒေါ်စန္ဒာစိုး ၁၂/ဗဟန(နိုင်)၀၆၄၂၂၈က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုရစ္ဆာန်အာဟာရသင်တန်း ညောင်လေးပင်၌ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၁၂

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညောင်လေးပင်မြို့နယ်ရုံးက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ မွေး/ကု ကျေးလက်လူငယ်များအား တိရစ္ဆာန်အတွက် အာဟာရသင်တန်းကို နိုဝင်ဘာ ၇ ရက်က မြို့နယ်တိ/မွေးကုရုံး၌ ကျင်းပသည်။

ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဆန်းဝေဖြိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် တိရစ္ဆာန်များကို ကျွေးမွေးရမည့် အာဟာရအကြောင်းများနှင့်တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ၊ ကာကွယ်ထိန်းချုပ်နည်းများကို အဓိကသင်ကြားပို့ချမည်ဖြစ်သည်။

မြို့နယ်အတွင်းရှိ မွေး/ရေ ကျေးလက်လူငယ် ၄၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ တစ်ပတ်ခန့်ကြာမြင့်မည်ဖြစ်ပြီး နွေရာသီတိရစ္ဆာန်များအတွက် အာဟာရရှားပါးချိန်တွင် အာဟာရဖြစ်စေနိုင်သော မြက်ချဉ်ဖတ်၊ ကောက်ရိုးချဉ်ဖတ်များပြုလုပ်၍ အာဟာရဖြည့်တင်းရရှိနိုင်မည်ဖြစ်သည့်အပြင် အာဟာရအတွက် ကုန်ကျစရိတ်သက်သာ၍ ဝင်ငွေတိုးပွားရရှိကာ တိရစ္ဆာန်များရောဂါကာကွယ်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

(၁၃၈)

စစ်တွေအုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ မကျည်းမြိုင်အသင်းဗိုလ်စွဲ

စစ်တွေ နိုဝင်ဘာ ၁၂

စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ၂၀၁၃ ခုနှစ် အသက် ၂၁ နှစ်အောက် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီက စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပရာ မကျည်းမြိုင်ရပ်ကွက်အသင်းက ကျောင်းကြီးလမ်းရပ်ကွက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ၂၀၁၃ ခုနှစ်၏ ချန်ပီယံတံခွန်စိုက်ဖလားကိုရရှိကာ အောင်ပွဲခံသွားသည်။

နောက်ဆုံးဗိုလ်လုပွဲသို့ စစ်တွေခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များတက်ရောက်အားပေးကြပြီး အနိုင်ရဗိုလ်စွဲသွားသော မကျည်းမြိုင်ရပ်ကွက်အသင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က ချန်ပီယံတံခွန်စိုက်ဖလား၊ ဆုငွေကျပ်ငါးသိန်းနှင့် တစ်ဦးချင်းဆုများကိုလည်းကောင်း၊ ဒုတိယဆုနှင့်အခြားဆုများကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(လ/ဝဝ၃)

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ကသာ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် ပီအမ်ဂျီကုမ္ပဏီလီမိတက်မှ ကူညီပံ့ပိုးသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲက ကသာမြို့ မီတာ ၄၀၀ အားကစားပြိုင်ကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် ပထမရရှိသော အမှတ် (၂) ရပ်ကွက်အသင်းကို ငွေကျပ်သုံးသိန်းနှင့် ဆုဖလားကြီးကိုလည်းကောင်း၊ ဒုတိယရရှိသော အမှတ် (၆)ရပ်ကွက်အသင်းကို ငွေကျပ် နှစ်သိန်း၊ တတိယရရှိသော အမှတ် (၄) ရပ်ကွက်ကို ငွေကျပ်တစ်သိန်းနှင့် နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်း၊ ဂိုးနှင့် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးအားကစားသမားဆုများကို ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်နှင့် ဌာနဆိုင်ရာများ၊ ပီအမ်ဂျီကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်အေးအေးမွန်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

လှအောင်(ကသာ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူရည်ချွန်ဟောင်းကြီးများက နိုင်ငံအကျိုးပြုလုပ်ငန်းများကို (ပညာရှင်အင်အားစု) အဖြစ်ဆောင်ရွက်ရန် လူရည်ချွန် (၁၉၆၄ – ၁၉၈၈) အဖွဲ့ ဖွဲ့စည်း

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သန်းထွေး(လူရည်ချွန်ဟောင်း) ဆွေးနွေးတင်ပြနေစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်စီမံကိန်းဖြင့် အစိုးရကျောင်းများတွင် သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ဘက်စုံထူးချွန်သော ကျောင်းသားကျောင်းသူများနှင့် သချ်ာထူးချွန်လူရည်ချွန်များကို တစ်နှစ်လျှင် ၃၀၀ ကျော် ရွေးချယ်ခဲ့ရာ ရွေးချယ်ခံရသော လူရည်ချွန်ပေါင်း ၅၁၇၁ ဦးရှိခဲ့သည်။ ယခုအခါ ဒီမိုကရေစီနိုင်ငံတော်သစ် လှမ်းချီတက်ရာတွင် အဆိုပါလူရည်ချွန်များသည် နိုင်ငံ့တာဝန်ကိုဘက်စုံထောင့်စုံမှ ပါဝင်ဆောင်ရွက်လျက်ရှိနေကြသည်။ လူရည်ချွန်ဟောင်းများအားလုံး ပါဝင်စုစည်း၍ပြည်သူ့အကျိုးကိုဖော်ဆောင်ပေးမည့်ပညာရှင်အင်အားစု(Think Tank) အဖြစ် ရပ်တည်ရန်ရည်ရွယ်ချက်ဖြင့်လူရည်ချွန်(၁၉၆၄-၁၉၈၈) အဖွဲ့ ဖွဲ့စည်းရန်စီစဉ်နေပြီဖြစ်သည်။

နိုဝင်ဘာ ၁၀ ရက်က လူရည်ချွန် ၁၉၆၄-၁၉၈၈ အဖွဲ့ ဖွဲ့စည်းရေးဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဒီမိုကရေစီ နည်းလမ်းကျ မျှတစွာ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ရေးကော်မရှင် ဖွဲ့စည်းခြင်းကို ရန်ကုန်မြို့ ပြည်လမ်း ဆေးသိပ္ပံ(ဗဟို)စုဝေးခန်းမ၌ ကျင်းပသည်။ လူရည်ချွန်ဟောင်း ၄၀ တက်ရောက်ကြသည်။ ယာယီအလုပ်အမှုဆောင် ပြန်ကြားဆက်သွယ်ရေးတာဝန်ခံ လူရည်ချွန်ဟောင်း ဒေါက်တာတင့်တင့်ကြည်က “လူရည်ချွန်စီမံကိန်းဝင် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံတော်အစိုးရက ရွေးချယ်ခံထားရတဲ့ သချ်ာလူရည်ချွန်များအပါအဝင် လူရည်ချွန်ဟောင်းအားလုံး စုစည်းပြီး နိုင်ငံအကျိုးပြုလုပ်ငန်းတွေလုပ်ဖို့အတွက် ဖွဲ့စည်းမှာဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး ပယောဂများကင်းရှင်းတဲ့ အဖွဲ့ဖြစ်ပါတယ်။ အခုအချိန်အထိ လူရည်ချွန်ဟောင်း ၅၀၀ လောက်အထိတော့ အဆက်အသွယ်ရထားပြီဖြစ်ပါတယ်။ နိုင်ငံအကျိုးပြုပညာရှင်အင်အားစုဖြစ်လာဖို့ ရည်ရွယ်ထားပါတယ်။ အဖွဲ့တည်နေရာကိုတော့ ရန်ကုန်တိုင်းဒေသကြီးမှာထားရှိပြီး ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ၂၇ ဦးကို အများဆန္ဒခံယူပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ တွေ့ဆုံကျင်းပဖွဲ့စည်းမှာဖြစ်ပါတယ်။ လစဉ်ပထမပတ်ရဲ့ တနင်္ဂနွေနေ့တိုင်း တွေ့ဆုံ ညှိနှိုင်းလာကြတာ (၁၀)ကြိမ်ရှိသွားခဲ့ပါပြီ။ ယခုအကြိမ်က အများဆန္ဒနဲ့ ဗဟိုအလုပ်အမှုဆောင်ဖွဲ့နိုင်ဖို့ကော်မရှင်ဖွဲ့စည်းမှာ ဖြစ်ပါတယ်” ဟု ကော်မရှင်မဖွဲ့စည်းသေးခင် မြန်မာ့အလင်းသို့ ပြောကြားသွားခဲ့သည်။

ရွေးချယ်တင်မြှောက်ရေးကော်မရှင်ကို အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးကြရာ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သန်းထွေး၊ အတွင်းရေးမှူး ဦးမင်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ညိုညိုခင်၊ အမှုဆောင်များအဖြစ် ဒေါက်တာ မောင်မောင်လေး၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒေါ်ခင်မြင့်မြင့် အပါအဝင် ကိုးဦးကို ရွေးချယ်တာဝန်ပေးလိုက်ကြသည်။ ၁၉၆၄ ခုနှစ်မှ လူရည်ချွန်ဖြစ်ခဲ့သူဆိုလျှင် နှစ်ပေါင်း ၄၉နှစ်ကြာမြင့်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာဆိုလျှင် ၂၅နှစ် သက်တမ်းရှိခဲ့ပြီဖြစ်ရာ ယခုအချိန်တွင် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယသမ္မတပါ လူရည်ချွန်ဟောင်းများဖြစ်နေကြသည်ဟု သိရှိရသည်။ ပြည်တွင်း၊ ပြည်ပမှ လူရည်ချွန်ဟောင်းများသည် Lyc club မှတစ်ဆင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အောင်ဆန်း အားကစားကွင်းသို့လည်းကောင်း၊ E -mail Luyechun. database @ g-mail .com သို့လည်းကောင်း ဆက်သွယ်နိုင်ပြီး Website လိပ်စာမှာ http:/ www. lycmyanmar .org ဖြစ်သည်။

သတင်းမှတ်စု
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ဒေသဖွံ့ဖြိုးရေး စလင်း၌ ဆွေးနွေး

စလင်း နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်အထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများနှင့်စလင်းမြို့ပေါ်ရှိ မြို့မိမြို့ဖများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဆယ်အိမ်စုမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက မြတ်ရတနာမဏ္ဍာရုံ၌ ကျင်းပသည်။ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးအေးဟန်ချိုနှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြု ဥက္ကဋ္ဌဦးသန်းနိုင်တို့က ၎င်းတို့တာဝန်ယူပြီးကာလအတွင်း ဆောင်ရွက်ခဲ့သော မြို့အကျိုးပြုလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ချပြအသိပေးဆွေးနွေးခဲ့ကြပြီး မြို့မိမြို့ဖများကလည်း မြို့အတွက်လိုအပ်သည်များ တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) Accountant မ(၂)ဦး ဘွဲ့ရ၊ စာရင်းနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး (Level I, II,III) အောင်မြင်ရမည်။ အသက် ၂၅ နှစ်မှ ၃၀ အတွင်း

(၂) Sales & Marketing ကျား/မ(၆)ဦး ဘွဲ့ရ၊ အသက် ၂၀ မှ ၂၅ နှစ်ကြား၊ စက်ယန္တရားနှင့် ပတ်သက်၍ အတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရမည်။ ခရီးသွားလာနိုင်ရမည်။ ပြေပြစ်စွာပြောဆိုနိုင်ရမည်။ လုပ်ငန်း Plan များ ရေးဆွဲနိုင်ရမည်။

Aung Kanbo Trading Co.,Ltd.

HR Department အမှတ်(၄)၊ ပြည်လမ်း၊ မောင်ဝိတ်အိမ်ရာ၊ (၇)မိုင်၊ ရန်ကုန်မြို့သို့ ၂၅-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။



လျှောက်ထားဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့ ခန္တီးပရိယတ္တိစာသင်တိုက်ကြီး၏ ရာပြည့်ပွဲတော်ကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်မှ ၁၀ရက်) ၂၁-၁၁-၂၀၁၃ရက်မှ ၂၇-၁၁-၂၀၁၃ရက်အထိ ဓမ္မပူဇာပွဲနှင့် စာပေဟောပြောပွဲတို့ဖြင့် ခုနစ်ရက်တိုင်တိုင် ကျင်းပပူဇော်မည်ဖြစ်ပါ၍ ခန္တီးပရိယတ္တိနွယ်ဝင် တပည့်များအနေဖြင့် ပင့်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်တော်မူကြပါရန် လျှောက်ထားဖိတ်ကြားအပ်ပါသည်။

ရာပြည့်ကော်မတီ
ခန္တီးပရိယတ္တိစာသင်တိုက်
ဝန်းသိုမြို့

ကျေးဇူးဆပ်ပါမည်

မိဘမေတ္တာ ၁၈၊ MD/0009/12 ငါးဖမ်းရေယာဉ်၏ လှေဂရန်မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးစည်သူဦး ၆/မမန(နိုင်)၁၃၆၉၈၃
အမှတ် ၃၁၉၊ စာသင်ကျောင်းလမ်း၊ ရေနံ့မြေရပ်၊ မြိတ်မြို့၊
ဖုန်း-၀၉-၇၃၁၄၃၀၃၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၄ လမ်း၊ တိုက် ၅၁၄၊ ဒုတိယထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကန်ထရိုက်တာ ဒေါ်ရွှေစင် ၉/မရက(နိုင်)၁၀၄၄၉၉ထံမှ ဝယ်ယူထားသူ ဒေါက်တာ ဒေါ်သိန်းသိန်းဦး ၁၂/ဗဟန(နိုင်)၀၆၉၉၃၇ နှင့် ဒေါ်နန်းစိန့်ဆွမ်ခမ်း ၁၃/တခလ(နိုင်)၀၂၂၆၃၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေထွန်း ၁၂/ရကတ(နိုင်)၁၀၇၆၈၀နှင့် ဒေါ်ယဉ်ယဉ်ဌေး ၁၂/ရကတ(နိုင်)၁၀၇၆၈၇တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းစရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက တရားဝင်အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်သန်းသန်းအေး (တက္ကသိုလ်မေသူ)
LL.B.,B.Ed; Dip PE
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၇၃၀၅၅၁၅၅၊ ၀၉-၄၂၀၀၅၉၃၂၆
တိုက် ၈၂၇ (မြေညီ)၊ သမာဓိ ၅ လမ်း၊ ဆ/က ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မွန်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲကျင်းပ

သံဖြူဇရပ် နိုဝင်ဘာ ၁၂

မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒိုင်း မွန်ပြည်နယ် ၁၀ မြို့နယ် ဘောလုံးပြိုင်ပွဲကို သံဖြူဇရပ် မြို့နယ်အားကစားပြိုင်ဝင်းအတွင်း နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအုန်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့်အားကစားဝါသနာရှင်ပြည်သူ ၂၀၀၀ ခန့် ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအဖြစ် သံဖြူဇရပ်မြို့နယ်အသင်းနှင့် မုဒုံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သံဖြူဇရပ်မြို့နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အကောင်းဆုံးဘောလုံးသမားဆုကို သံဖြူဇရပ်အသင်းမှ ကျော်လင်းထွန်း(ဂိုး)အား မွန်ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းအောင်က ချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပျောက်ဆုံးကလေးငယ်ကို မြစ်အတွင်း ပီနံအိတ်ဖြင့်ထုပ်လျက်တွေ့ရှိ

မြောင်းမြ နိုဝင်ဘာ ၁၂

မြောင်းမြမြို့ အမှတ်(၆)ရပ်ကွက် အောင်မင်္ဂလာ(၁)လမ်းရှိ ဦးရဲနိုင်ဦးနှင့် ဒေါ်သင်းမြတ်ဦးတို့သည် နိုဝင်ဘာ ၅ ရက် နံနက်၌ လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ရန် ထွက်လာခဲ့ပြီး နေအိမ်၌ သမီးဖြစ်သူမနှင်းသီရိလှိုင်(ခ)နှင်းဝေဦး (၇ နှစ် ၄ လ)ကို အဘွားဖြစ်သူ ဒေါ်တင်လှနှင့် အတူထားခဲ့သည်။

ယင်းနေ့ ညနေ ၅ နာရီ၌ နေအိမ်ခြံဝင်းနောက်ဘက်ရှိ စပါးခွံနှင့်မီးသွေးသိုလှောင်ထားသည့်ဂိုဒေါင်သို့ လက်ဖက်ရည်ဆိုင်မှလုပ်သားများ မီးသွေးနှင့် စပါးခွံသယ်ယူရန် စက်ဘီးဖြင့်လာရောက်သယ်ယူချိန်တွင် မနှင်းသီရိလှိုင်မှာ ဂိုဒေါင်ဘေးတွင် ဆော့ကစားလျက်ရှိကြောင်း၊ ထို့နောက် ဒေါ်တင်လှက မြေးဖြစ်သူကိုရှာဖွေရာ ဂိုဒေါင်မှာသော့တန်းလန်းချိတ်ထားပြီး ဆိုင်အလုပ်သမားများလည်း ဆိုင်ပြန်သွားကာ မြေးဖြစ်သူကို မတွေ့ရှိတော့သဖြင့် ပျောက်ဆုံးနေသောသမီးငယ်အတွက် မြောင်းမြရဲစခန်းတွင်အမှုဖွင့်တိုင်ကြား၍ လိုက်လံစုံစမ်းရှာဖွေရာ နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် မြောင်းမြမြစ်အတွင်းပီနံအိတ်ဖြင့်ထည့်လျက် မိန်းကလေးအလောင်းတွေ့ရှိကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ ပျောက်ဆုံးနေသော မနှင်းသီရိလှိုင်အလောင်းဖြစ်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွက် မြောင်းမြရဲစခန်းက အမှုဖွင့်အရေးယူကာ ပြစ်မှုကျူးလွန်သူအမြန်ပေါ်ပေါက်ရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

ဟိုတယ်နှင့် ခရီးသွားလာရေး အလုပ်ရုံဆွေးနွေး

ညောင်ဦး နိုဝင်ဘာ ၁၂

ညောင်ဦးခရိုင် ပုဂံမြို့သစ် Crown Prince Hotel ၌ နိုဝင်ဘာ ၄ ရက်ကကျင်းပသည့် ဟိုတယ်/ခရီးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ လူဇင်ဘတ်နိုင်ငံ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီမှ Second Field Mission အဖွဲ့ဝင် Mr.Paul Rogers က ပုဂံဒေသသည် ခရီးသွားများအတွက် ကမ္ဘာ့အဆင့်မီဒေသတစ်ခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုမြင့်မားကြောင်း၊ ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုတင်ပြပေးကြပါရန် ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးပွဲသို့ ညောင်ဦးခရိုင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ခရိုင်ဦးစီးအရာရှိ ဦးအောင်ဇော်မိုး၊ မြန်မာ့ခရီးသွားလုပ်ငန်း(ပုဂံမြို့သစ်)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင့်ဝေနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂံဇုန်မှ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရွှေနန်းတော်ဟိုတယ်၊ ပုဂံဂေါက်ကွင်းဟိုတယ်၊ သီရိပစ္စယာ ဆာကူရာဟိုတယ်၊ ရောဟိုတယ်နှင့်ကေတုမတီဒိုင်နက်စတီဟိုတယ်တို့မှ အထွေထွေမန်နေဂျာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် စွမ်းဆောင်ရည်နှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဇင်ဘတ်နိုင်ငံ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီမှ ဘဏ္ဍာငွေ ယူရိုငွေ ၅ သန်းကို ငါးနှစ်စီမံကိန်းဖြင့် ကူညီပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သီဟကျော်(ပုဂံ)

ဝန်းသိုမြို့နယ် ဝါးဘိုးချောင်းရွာအနီး မူးယစ်ဆေးဝါးများဖမ်းမိ

ဝန်းသို နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နမော်အုပ်စု ဝါးဘိုးချောင်းရွာမြောက်ဘက်တောထဲရှိ နမ့်လင်းရွာနေ မောင်မြင့်၏တဲအတွင်းမှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဝန်းသိုရဲစခန်းမှူး ဒုတိယရဲမှူး ဘိုအေးနှင့်တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဝန်းသိုမြို့နယ် နမော်အုပ်စု ဝါးဘိုးချောင်းမြောက်ဘက်တောထဲရှိ နမ့်လင်းကျေးရွာနေ မောင်မြင့်၏တဲကို ဝင်ရောက်ရှာဖွေရာ မောင်မြင့်ထံမှ ဘိန်းမည်းဟုယူဆရသည့် အလေးချိန် ၉ ဒသမ ၉ ဂရမ်ခန့်ရှိ အထုပ်တစ်ထုပ်၊ ၄၇ ဒသမ ၅ ဂရမ်ခန့်ရှိ ဘိန်းမည်းဟုယူဆရသည့်အထုပ်တစ်ထုပ်၊ ပလတ်စတစ်အိတ် အသေးဖြင့်ထည့်လျက် ဘိန်းစာမှုန့်အထုပ်သေးတစ်ထုပ်၊ ဘိန်းမည်းဟုယူဆရသော အလေးချိန် ၀ ဒသမ ၂ ဂရမ်ခန့်ရှိ အထုပ်ငယ်တစ်ထုပ်နှင့် မူးယစ်ရောင်းချအသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မောင်မြင့် (၃၅ နှစ်)ကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

မော်လမြိုင်မြို့ မြေနီကုန်းကားဝင်းအတွင်းရှိ အလယ်လမ်း ကတ္တရာလမ်းခင်းကျင်းမှုလုပ်ငန်းစတင်

မော်လမြိုင် နိုဝင်ဘာ ၁၂

ယခုနှစ် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများကြောင့် မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ အထက်လမ်းမကြီး၊ အလယ်လမ်းမကြီး၊ အောက်လမ်းမကြီး၊ ကမ်းနားလမ်းများနှင့် မော်လမြိုင်မြို့ မြေနီကုန်းအဝေးပြေး ယာဉ်လိုင်းပေါင်းစုံဝင်ထွက်ရပ်နားသည့်ကားဝင်းအတွင်းရှိလမ်းများ ယိုယွင်းပျက်စီးနေမှုများကို မွန်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်ပေးမှုဖြင့် မော်လမြိုင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အထောက်အကူပြု ဝန်ထမ်းများ၊ အသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ကတ္တရာလမ်းများကို စတင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လမ်းဟောင်းများပြုပြင်ခြင်းလုပ်ငန်းများ မျက်ခြည်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်အရ မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်ဦးစီးသော ဝန်ထမ်းများကကြီးကြပ်၍ မော်လမြိုင် မြေနီကုန်း ကားဝင်းအတွင်းရှိ အလယ်လမ်းကို ငွေကျပ်သိန်း ၄၀ ကျော်အကုန်အကျခံ၍ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ယာဉ်လိုင်းအသီးသီး ရပ်နားသည့် ကားဝင်းအတွင်းရှိ အလယ်လမ်းမကြီးကျောက်ခင်းခြင်း၊ ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းများကို အမြန်ပြီးစီးရေး နေ့ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

ကျော်သန်း(မော်လမြိုင်)

ဘုရားမီးပူဇော်ရန် လျှပ်စစ်မီးတပ်ဆင်ရာမှ ဓာတ်လိုက်သေဆုံး

ခင်ဦး နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ နိုဝင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲက ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက်ရှိ သက်တော်ရှည်သက်တော်ရ ဘုရားပွဲတော်ကျင်းပရာ ဘုရားပုရိဝုဏ်အတွင်း၌ ဘုရားမီးပူဇော်ရန် လျှပ်စစ်မီးကုံးများတပ်ဆင်ရာမှ ဦးငွေဝင်း(၆၀နှစ်)သည် ဓာတ်လိုက်သေဆုံးခဲ့သဖြင့် ခင်ဦးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရောင်နီတင်ဝင်း**

လျှပ်စစ်အန္တရာယ် အစဉ်သတိပြု ကာကွယ်

ငါန်းဇွန်မြို့နယ်၌ လောင်းကစားပြုလုပ်သူ ဖမ်းမိ

ငါန်းဇွန် နိုဝင်ဘာ ၁၂

ငါန်းဇွန်မြို့ မြို့သာအုပ်စု မြို့သာအရှေ့ရွာသို့ နိုဝင်ဘာ ၇ ရက်က မြင်းခြံခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ညီညီမင်းနှင့်အဖွဲ့သည် လောင်းကစားပပျောက်ရေး ကွင်းဆင်းဆောင်ရွက်ရာ မြို့သာအရှေ့ရွာ စည်ပင်သာယာရေးဈေး တောင်ဘက်ကွင်း၌ ခင်မောင်တင် (၅၇ နှစ်) ကို မွန်းလွဲ ၂ နာရီခွဲကလည်းကောင်း၊ မြို့သာအရှေ့ရွာနေ ရဲမင်းကျော် (၄၁ နှစ်)ကို ညနေ ၃ နာရီတွင် သက်သေခံပစ္စည်းများနှင့်အတူ နှစ်လုံးချဲထီလောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိသည်။

အဆိုပါ လောင်းကစားမှုနှင့်ပတ်သက်၍ ခင်မောင်တင် (၅၇ နှစ်)နှင့် ရဲမင်းကျော်(၄၁ နှစ်)တို့အား မြို့သာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမေထွား ပဲဆီသန့် ဝန်ထမ်းမိသားစု ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ တောင်ဘက်ပိုင်းရပ်ကွက်၊ တောတိုက် ဓမ္မရိပ်သာစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဉာဏာလောက (သာသနဓဇ ဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဝိနယဓိကပထမကျော်) အမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ရန်ကုန်မြို့၊ အမေထွား ပဲဆီသန့်၊ နှမ်းဆီသန့် ဝန်ထမ်းမိသားစုများမှ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ပြုလုပ်မည်ဖြစ်ပါ၍ အဝေးအနီး မိတ်ဆွေအပေါင်းအသင်း အလှူရှင်မိသားစုများအားလုံးကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **အကျိုးတော်ဆောင်အဖွဲ့**

ဖုန်း-၀၁-၇၀၄၃၉၄၊ ၀၉-၅၁၀၇၉၆၅၊ ၀၉-၃၁၈၅၉၇၀၁

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) အုတ်ဖို အထက မြတ်ဆရာပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ ၂၀၁၃ခုနှစ် ဖိတ်ကြားလွှာ

အုတ်ဖို အထက မြတ်ဆရာပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ လိုက်ပါလိုသူများ ကန်တော့ခံဆရာများ၊ မြို့နယ်သူ မြို့နယ်သားများနှင့် အလှူငွေထည့်ဝင်လိုသော အသင်းသူ အသင်းသားများသည် ဦးခင်မောင်ဇော် ဖုန်း-၀၁-၆၆၂၅၀၇၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၄၂၁၀၈၇၆၈၀၊ ဦးအေးဝင်း ဖုန်း-၀၉-၇၃၀၅၉၇၆၄နှင့် နီးစပ်ရာအသင်းအမှုဆောင်တို့ထံ ဆက်သွယ်လှူဒါန်း စာရင်းပေးနိုင်ပါသည်။

	ပညာရည်ချွန်ဆုပေးပွဲ	မြတ်ဆရာပူဇော်ပွဲ
ကျင်းပမည့်ရက်	- ၂၃-၁၁-၂၀၁၃ ရက်	၂၄-၁၁-၂၀၁၃ ရက်
ကျင်းပမည့်အချိန်	- ၁၄း၀၀ နာရီ	၈း၀၀ နာရီ
ကျင်းပမည့်နေရာ	- ဧရာခန်းမ အုတ်ဖို အထက	ဧရာခန်းမ အုတ်ဖို အထက

မှတ်ချက် ။ ။မော်တော်ယာဉ်များ အသင်းရုံး အမှတ် ၅၅L၊ ရန်ကုန်-အင်းစိန်လမ်းမကြီး လှိုင်မြို့နယ်ရှေ့မှ ၂၃-၁၁-၂၀၁၃ ရက် နံနက် ၇း၀၀နာရီတွင် အုတ်ဖိုမြို့သို့ ထွက်ခွာပါမည်။ **အလုပ်အမှုဆောင်အဖွဲ့**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးခရိုင်နယ်တရားမရုံးတော်၌

ပဲခူးတိုင်းတရားရုံး ၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၄ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉

မန်နေဂျာ နှင့် ၁။ ဒေါ်သန်းသန်းအေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးမြင့်အောင်
ပဲခူးမြို့
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဒေါ်သန်းသန်းအေး၊ ဦးမြင့်အောင်၊ အမှတ်(၂၁၄)၊ (၂)လမ်း၊ (၇)ရပ်ကွက်၊ ရပ်ကွက်ကြီး (၃)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၆ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းဝင်း
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ပဲခူးခရိုင်နယ်တရားမရုံးတော်၌

ပဲခူးတိုင်းတရားရုံး၏ ၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၀ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၄

မန်နေဂျာ နှင့် ဦးခင်ထွန်း
မြန်မာ့စီးပွားရေးဘဏ်
ပဲခူးမြို့
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးခင်ထွန်း၊ အမှတ်(၃၀၃)၊ ဘုရင့်နောင်လမ်းသွယ်(၃)လမ်း၊ (၂/၃)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၅၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၆ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းဝင်း
ဒုတိယခရိုင်တရားသူကြီး(၂)
ပဲခူးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၂၈ လမ်း၊ အမှတ် ၂၉တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၅စီ၁၊ မြေကွက်အမှတ် V ၆၅၊ a piece of Land Adjacent to and North of မြေအမျိုးအစား မြေပိုင်မြေအမည်ပေါက် Khatiza Bi Bi မြေအား အမည်ပေါက် ခတီဇာဘီဘီ အပျိုကြီးအဖြစ် ၁၉၅၄/၅၅ခုနှစ်ခန့်တွင် ကွယ်လွန်သွားခဲ့ကြောင်း ကတိသစ္စာပြုလွှာ၊ ၄င်းကွယ်လွန်သဖြင့် မောင်တော်စပ်သူ ဦးအစ်မေးလ်အီဘရာဟင်အာရစ်(ဖ်)ကွယ်လွန်၍ ဇနီးဒေါ်ဆာရာဘီဘီ(ကွယ်လွန်သူ)၏ တရားဝင်ကိုယ်စားလှယ် ဦးအီဘရာဟင်အစ်မေး(လ်)အာရစ်(ဖ်)မှ အမွေဆက်ခံပိုင်ဆိုင်သည့် ပိုင်ရှင်ဖြစ်ကြောင်း တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှု ၆၇၈/၂၀၀၉၏ ၈-၁၀-၂၀၁၀ရက် မြွက်ဟဒီကရီ၊ ဦးအီဘရာဟင်အစ်မေးလ်အာရစ်နှင့် ညီမဖြစ်သူ ဒေါ်အမီနာဘီဘီအစ်စမိုင်အာရစ်(အပျိုကြီး)တို့၏ သေစာရင်း၊ ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ ဦးအီဘရာဟင်အစ်မေး(လ်)အာရစ်(ဖ်)၏ဇနီးဖြစ်သူ ဒေါ်ဖရီဒါဘီဘီ ၁၂/ပဘတ(နိုင်)၀၀၀၂၆၉၏ GP ၅၀၉၂/၂၀၁၃ ရရှိသူ ဦးမာမက်အလီ ၁၂/မဂတ(နိုင်)၀၇၃၂၉၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

နယ်သတင်းနှင့်ကြော်ငြာ

မော်လမြိုင်မြို့ သဘင်ပညာရှင်များအစည်းအရုံး သဘင်သက်ကြီးပူဇော်ပွဲနှင့် လုပ်သားဆုချီးမြှင့်ပွဲကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးက ကြီးမှူး၍ (၃၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် သဘင်လုပ်သားဆု ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက်ရှိ မြို့နယ် သဘင်အစည်းအရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သက်ကြီး သဘင်ပညာရှင်၁၅ဦးတို့အားမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ရွှေမြိုင်ဝင်းကြည်၊ အတွင်းရေးမှူး ဦးကျော်ဆွေ၊ အမှုဆောင်များ၊ သဘင်ပညာရှင်များ၊ဇာတ်သဘင်တည်ထောင်သူများ၊ သဘင်လုပ်သားများ၊ သဘင်ဝန်ထမ်းမိသားစုတို့ကသက်ကြီး သဘင်ပညာရှင်များကိုကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေ စုစုပေါင်းကျပ်သိန်း၄၀ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေးကိုဆက်လက်ကျင်းပရာ သဘာပတိအဖြစ်မြို့နယ်သဘင်ပညာ ရှင်များအစည်းအရုံးဥက္ကဋ္ဌ ရွှေမြိုင် ဝင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးကျော်ဆွေက သဘင်ပညာရှင်များ၊ ဇာတ်သဘင် တည်ထောင်သူများ၊ သဘင်လုပ်သားများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြီး အမှုဆောင်အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက်မြို့နယ်သဘင်ပညာ ရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့်အတွင်း ရေးမှူးတို့က ၂၀၁၂-၂၀၁၃ ခုနှစ် လုပ်သားဆုရ သဘင်လုပ်သားများကို ထောက်ပံ့ငွေများ အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၀၇)

ငါ့သရောက်မြို့နယ်ခွဲ အိုရင်းကျေးရွာတွင် ကျောင်းဆောင်သစ်နှစ်ဆောင် တိုးချဲ့ဖွင့်လှစ်

ညောင်ဦး နိုဝင်ဘာ ၁၂

ညောင်ဦးခရိုင် ငါ့သရောက် မြို့နယ်ခွဲ အိုရင်းကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်းတွင်အလှူ ရှင်များက ဆောက်လုပ်လှူဒါန်းသည့် ဗိုလ်ချိုနှင့်ဦးအောင်ညိုကျောင်းဆောင် သစ်နှစ်ဆောင်ဖွင့်ပွဲနှင့်ပညာရေးဌာန သို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်း အနားကို နိုဝင်ဘာ ၉ရက် နံနက်က အဆိုပါကျောင်းဝင်းအတွင်း၌ကျင်းပ ခဲ့ရာ အဆောက်အအုံသစ်ကို မန္တလေး တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအောင်ကြိုင်၊ဒုတိယ မြို့နယ်ပညာရေးမှူး ဦးမောင်ရီနှင့် အလှူရှင် ဦးအောင်ညိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(အပေါ်ဝဲပုံ)

အဆိုပါ ကျောင်းဆောင်သစ် နှစ်ဆောင်တွင် အလျားပေ၆၀၊ အနံပေ၃၀၊ အမြင့်၁၅ပေရှိ ဗိုလ်ချို ကျောင်းဆောင်သစ်အား အလှူရှင် သီရိပျံချီ ဦးတင်ငွေ-ဒေါက်တာ ဒေါ်ခင်သီတာ မိသားစု၊ ဦးအောင် ကျော်ဝင်း-ဒေါ်စိန်အေး မိသားစုနှင့် ဦးစိုးမြင့်-ဒေါ်ခင်နီလာ မိသားစု တို့ကလည်းကောင်း၊ အလျားပေ၉၀၊ အနံပေ၃၀၊ အမြင့်၁၂ပေရှိ ဦးအောင် ညို ကျောင်းဆောင်အား အလှူရှင် ဦးအောင်ညို-ဒေါ်ဌေးဌေးညွန့်မိသား စုနှင့် ဆွေမျိုးမိတ်သင်္ဂဟများက လည်း ကောင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ် ကြောင်းသိရသည်။ အိုရင်းကျေးရွာသည် ညောင်ဦးမြို့နယ်အရှေ့တောင်ဘက် ၁၈မိုင်ခန့်အကွာ ငါ့သရောက်မြို့နယ် ခွဲနှင့်လေးမိုင်ခန့်အကွာတွင်တည်ရှိပြီး အိမ်ခြေ၄၀၆အိမ်၊ အိမ်ထောင်စု ၄၂၀၊လူဦးရေ၂၆၀၀ခန့်နေထိုင်လျက် ရှိကြောင်း၊ အိုရင်းအခြေခံပညာမူလ တန်းလွန်ကျောင်းတွင် ဆရာ ဆရာမ ဝန်ထမ်း၁၂ဦးရှိပြီး မူလတန်းကျောင်း သားကျောင်းသူ၁၉၂ဦး၊အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၀၄ဦးတို့ ပညာသင်ကြားလျက်ရှိကြောင်း၊ကျောင်း သားဦးရေ များပြားသည်နှင့် အမျှ ယခင် စာသင်ဆောင်သုံးဆောင်ရှိပြီး ယခုလှူဒါန်းသည့် စာသင်ဆောင်မှာ နှစ်ဆောင်ဖြစ်သည့်အတွက် ကျောင်း ဆောင်အနေနှင့် လုံလောက်ပြည့်စုံ မှုရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဒီရွာဇာတိပါ၊ ခရိုင် ပညာရေးမှူးရာထူးနဲ့ နယ်မှာတာဝန် ထမ်းဆောင်နေပါတယ်၊ ကိုယ့်ဇာတိ မှာ ဒီလိုကျောင်းဆောင်သစ် ဆောက် လုပ်လှူဒါန်းဖို့ရည်ရွယ်ထားတာကြာ ပါပြီ၊ အခုတော့ အောင်မြင်သွားပါပြီ၊ ကျွန်တော်တို့ငယ်ငယ်က စတုတ္ထ တန်းအောင်ပြီးရင် အလယ်တန်း အဆင့်တက်ဖို့ရွာကနေ ငါ့သရောက် ကို အသွားလေးမိုင်၊ အပြန်လေးမိုင် ခရီးကို နေ့တိုင်းသွား ကျောင်းတက် ခဲ့ရတယ်၊ ပင်ပန်းဆင်းရဲတာပေါ့၊ ခုခေတ် ကလေးတွေကို ဒီလိုဒုက္ခတွေ မခံစားစေချင်ဘူး၊ ဒါ့ကြောင့်လည်း မူလွန်အဆင့်မှာ လိုအပ်တဲ့ ကျောင်း ဆောင်သစ်ကိုဆောက်လုပ်လှူဒါန်းဖြစ် တာပါ"ဟုအလှူရှင် ဦးအောင်ညိုက ပြောပြကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ကောင်းမြန်မာအောင် ဖောင်ဒေးရှင်းနှင့် တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်တွေ့ဆုံဆွေးနွေး

တောင်ငူ နိုဝင်ဘာ ၁၂

ကောင်းမြန်မာအောင် KMA ဖောင်ဒေးရှင်းမှ အမှုဆောင်အရာရှိ ချုပ် ဆရာဦးလှမြင့်နှင့် တောင်ငူ မြို့နယ်လုံးဆိုင်ရာ ပညာရေးကွန် ရက် နာယကများနှင့် အလုပ်အမှု ဆောင်အဖွဲ့ဝင်များ၊ ဒုတိယအကြိမ် တွေ့ဆုံပွဲကို နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီက တောင်ငူမြို့ ကေတုမတီ ဟိုတယ် ကြက်မင်းညီနောင်ခန်းမ၌ ကျင်းပရာသဘာပတိ ဆရာဦးစံတင် (ခရိုင်ပညာရေးမှူး၊ ငြိမ်း)က အမှာ စကားပြောကြားပြီးအထွေထွေအတွင်း ရေးမှူးဒေါက်တာဘဆွေ **(အောက်ပုံ)** က ပညာရေးကွန်ရက် လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ကွန်ရက်အတွင်း ရေးမှူး(၁) ဦးလှမျိုးဝင်း၊ အတွင်း ရေးမှူး(၂)ဦးနန္ဒ၊ ပြန်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးမျိုးကျော်သူတို့မှ မြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးသည့် မူလတန်းနှင့် မူလွန်ကျောင်း အဆောက်အအုံနှင့် ပရိဘောဂများ နှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကြ သည်။ ထို့နောက် ကွန်ရက်နာယက များဖြစ်ကြသော ဆရာကြီးဦးမြင့် ဆွေ (တိုင်းပညာရေးမှူး၊ ငြိမ်း)၊ ဆရာဦးလှထွန်းနှင့် ဦးကျော်လှ (သမာဓိ)တို့မှ ဖြည့်စွက်ဆွေးနွေးကြ ရာ အမှုဆောင်အရာရှိချုပ် ဆရာကြီး ဦးလှမြင့်က KMA ဖောင်ဒေးရှင်း အနေဖြင့် ကူညီထောက်ပံ့နိုင်မှုအခြေ အနေများကို ရှင်းလင်းပြောကြား သည်။ **(၁၃၆)**

အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာအလုပ်ရုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာ မည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည့်ကိစ္စများ၊ ဆုံးဖြတ် ချက်ချမှတ်ခြင်း၊ အခြေခံလုပ်ငန်း စဉ်များပါဝင်သည့် အလုပ်ရုံဆွေးနွေး ပွဲတစ်ရပ်ကို ကျင်းပသည်။

မြန်မာနိုင်ငံ၏ အနာဂတ်တွင် ပေါ်ပေါက်လာမည့် ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ မြန်မာ့ထုတ် ကုန်များ ပြည်ပထိုးဖောက်နိုင်မှု၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်း ရှင်များ ကြိုတင်ပြင်ဆင်နိုင်ရန် အကြောင်းများ၊ အာဆီယံဥက္ကဋ္ဌ အဖြစ်တာဝန်ယူစဉ် ဆောင်ရွက်ရ မည့်ကိစ္စများ၊အာဆီယံနှင့်ပတ်သက် သည့် ကျယ်ပြန့်သော အတွေ့အကြုံ အသိမြင်များကို အများပြည်သူများ သိရှိစေရန် အကြောင်းအရာများကို အာဆီယံရေးရာဆိုင်ရာ ကျွမ်းကျင် ပုဂ္ဂိုလ်များက ဆွေးနွေးကြသည်။

ထို့အပြင် လူအများစိတ်ဝင်စား သည့် အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းအကြောင်း တင်ပြခြင်း၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ တွင် ဦးဆောင်ခြင်းနှင့် ပတ်သက် သော သဘောထားများ၊ အခြေခံ ပညာရေးစနစ်မြှင့်တင်ရေးအကြောင်း တို့ကိုလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်အပါအဝင် စီးပွားရေး ကျွမ်းကျင်သူ၊ လူမှုရေးရာကျွမ်းကျင် သူများက ဆွေးနွေးသုံးသပ်ကြသည်။ ၎င်းနောက် အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ငွေကြေးကဏ္ဍများမြှင့်တင်ရန် ကျွမ်းကျင်ပညာရှင်ကဆွေးနွေးကြသည်။

ဆွေးနွေးချက်ရလဒ်များအပေါ် မူတည် ၍ လုပ်ငန်းရှင်များ၊ပညာရှင်များ၊မူဝါဒ ချမှတ်သူများက ပူးပေါင်းသုံးသပ် အဖြေရှာခြင်းပြုလုပ်ခဲ့ကြပြီးစကားဝိုင်း ဆွေးနွေးပွဲကို ပါရမီစွမ်းအင်ကုမ္ပဏီ များအုပ်စုကအဓိက ကူညီပံ့ပိုးထား ကာ ၂၀၀၂ခုနှစ်တွင် စတင်ကျင်းပ ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် (၁၁)ကြိမ်အဖြစ် ကျင်းပခြင်းဖြစ် ကြောင်း သိရသည်။

အာဆီယံ စီးပွားရေးအသိုက် အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ASEAN Economic Community(AEC) Grand Workshop Competitiveness for AEC ကို ရန်ကုန်မြို့မြို့မကျောင်း လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ နိုဝင်ဘာ ၉ ရက် နံနက် ၈နာရီခွဲမှ ညနေ၄နာရီခွဲအထိကျင်းပခဲ့ကြောင်း သိရသည်။ **မြတ်စန္ဒီသင်းဇော်**

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး

(Basic Nursing and Old Age Care Training Course)

[illegible]

(၂၀.၁၂.၂၀၁၃) [illegible]

(၁.၁.၂၀၁၄) [illegible] (ကန့်သတ် ၂၀ ဦးသာ)

ဖုန်း - ၅၄၄၆၁၉၉ (လိုင်းခွဲ) [illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊မြေကွက်အမှတ်၅၇၅/က၊ မြေကွက်တည်နေရာအမှတ်(၅၇၅/က)၊ ဝရဇာ၄လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပ မြို့နယ် ဦးထွန်းဝေအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းဝေကွယ် လွန်သဖြင့် ဒေါ်နီ ၁၂/ဥကတ(နိုင်)၀၅၉၆၈၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်၇၊ မြေကွက်အမှတ်၈၉၁/ခ၊ မြေကွက်တည်နေရာအမှတ် ၈၉၁/ခ၊ ၁၉လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမောင်ပွား အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ပွားနှင့် ဇနီး ဒေါ်မြသန်း ကွယ်လွန် သဖြင့် ဒေါ်ခင်ကြည်ပြာစိုး ၁၂/ဥကတ(နိုင်) ၁၆၈၉၈၀၊ ဦးအောင်လှိုင်ထွန်း ၁၂/ဥကတ(နိုင်) ၁၄၄၀၇၈တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

